## Welcome Message from the Administration

Wisdom Bridge International School မှ လှိုက်လှဲစွာ ကြိုဆိုပါသည်။ ဤလက်စွဲစာစောင်ကို ကျွန်ုပ်တို့ကျောင်း၏ အရေးကြီးသောအချက်အလက်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို သိရှိနိုင်ရန် သေချာစွာစီစစ် ရေးသားထားခြင်း ဖြစ်ပါသည်။ ကျေးဇူးပြု၍ သေချာစွာဖတ်ရှုပြီး နောင်တွင် ပြန်လည်ကိုးကားနိုင်ရန် သိမ်းဆည်းထားပေးပါ။

ကျွန်ုပ်တို့၏ ကျောင်းသားအားလုံးအတွက် လုံခြုံစိတ်ချရသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးရန် ကျွန်ုပ်တို့ ခိုင်မာစွာ ရည်ရွယ်ထားပြီးဖြစ်ပါသည်။ WBIS အနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အလယ်တန်းပညာရေးအထိ ဂုဏ်ယူစွာ တိုးချဲ့ဖွင့်လှစ်လိုက်ပြီဖြစ်ရာ၊ ဤလက်စွဲစာအုပ်တွင် Early Years (မူကြို) မှ IGCSE အဆင့်အထိ ကျောင်း၏ သင်ကြားရေးအစီအစဉ်များ၊ မျှော်မှန်းချက်များ၊ အခွင့်အလမ်းများနှင့် သင့်ကလေး၏ ပညာရေးခရီးလမ်းတစ်လျှောက် အထောက်အကူပြုမည့် အစီအစဉ်အားလုံးကို ထည့်သွင်းဖော်ပြထားပါသည်။

လေးစားစွာဖြင့်၊

### The Wisdom Bridge International School Administration

## မာတိကာ


၁။ နိဒါန်း - WBIS အကြောင်း၊ ကျောင်း၏ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့် အဓိကတန်ဖိုးများ

၂။ ပညာရေး - သင်ရိုးညွှန်းတမ်း၊ အဆင့်ဆင့်သော ပညာရေးစနစ်နှင့် အလယ်တန်းပညာရေးအစီအစဉ်

၃။ အမှတ်ပေးစနစ်နှင့် အကဲဖြတ်ခြင်း

၄။ ပညာရေးဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် ၂၁ ရာစု ကျွမ်းကျင်မှုများ

၅။ ကျောင်းသားဘဝနှင့် ကျောင်းပြင်ပလှုပ်ရှားမှုများ

၆။ ကျောင်းမူဝါဒများ - ကျောင်းတက်ရောက်မှု၊ စည်းကမ်းထိန်းသိမ်းမှုနှင့် ကျောင်းဝတ်စုံဆိုင်ရာ စည်းကမ်းချက်များ

၇။ အလယ်တန်းကျောင်းမူဝါဒများ - အပြုအမူ၊ စမ်းသပ်ကာလနှင့် ကျောင်းထုတ်ပယ်ခြင်းဆိုင်ရာ မူဝါဒများ

၈။ ပညာရေးဆိုင်ရာ သမာဓိ - ရိုးသားမှုနှင့် စာပေခိုးယူမှု (Plagiarism) ဆိုင်ရာ မူဝါဒများ

၉။ နည်းပညာနှင့် အင်တာနက်အသုံးပြုမှုဆိုင်ရာ စည်းကမ်းချက်များ

၁၀။ အနိုင်ကျင့်ခြင်းနှင့် စိတ်အနှောင့်အယှက်ဖြစ်စေခြင်း ဆန့်ကျင်ရေးမူဝါဒ

၁၁။ မိဘ-ဆရာအသင်း (PTA)

၁၂။ ဆက်သွယ်ဆောင်ရွက်မှုနှင့် ဆက်သွယ်ရန်အချက်အလက်များ

**၁။ နိဒါန်း**

**Wisdom Bridge International School အကြောင်း**

Wisdom Bridge International School သည် ပညာရေးအောင်မြင်မှုနှင့် ကျောင်းသား၏ လူမှုရေးရာဖွံ့ဖြိုးတိုးတက်မှုနှစ်ရပ်စလုံးကို မြှင့်တင်ပေးသည့် ပညာရေးစနစ်ဖြင့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးရန် ခိုင်မာစွာရည်ရွယ်ထားပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးညွှန်းတမ်းသည် လက်တွေ့သင်ယူခြင်း၊ လက်တွေ့project များ ဖြင့် သင်ကြားမှုများ၊ ကျောင်းသားများကိုဗဟိုပြုသော သင်ကြားပြသမှုများဖြင့် သင်ကြားပေးနေပါသည်။

ကျွန်ုပ်တို့သည် အားကစားကွင်းများ၊ ပရော်ဖက်ရှင်နယ်နည်းပြများဖြင့် ဂီတအနုပညာခန်း၊ Coding ပညာရပ်အတွက် ကွန်ပျူတာခန်းနှင့် စာအုပ်များစွာပါဝင်သော စာကြည့်တိုက်စသည်တို့ကို ပံ့ပိုးပေးထားပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ WBIS ၏ ကျောင်းသားကျောင်းသူများသည် ကမ္ဘာကြီးအပေါ် အပြုသဘောဆောင်သော သက်ရောက်မှုများ ဖန်တီးနိုင်ရန် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် တန်ဖိုးများ ပြည့်စုံစေရန်ပင် ဖြစ်ပါသည်။

**ရည်မှန်းချက်နှင့် မျှော်မှန်းချက်**

**Wisdom Bridge ၏ မျှော်မှန်းချက်** "Wisdom Bridge ၏ ကျောင်းသားကျောင်းသူများအတွက် အကောင်းဆုံး ပညာရေးအခွင့်အလမ်းများကို ရယူနိုင်ပြီး နက်ရှိုင်းသောအသိပညာကို ဆည်းပူးနိုင်စေရန် လမ်းကြောင်းတစ်ခုအဖြစ် ပံ့ပိုးဆောင်ရွက်ပေးနေပါသည်။ ကျွန်ုပ်တို့၏ကျောင်းသည် ကလေးငယ်များ၏အောင်မြင်သော အနာဂတ်အတွက် ပညာဉာဏ်များဖြင့် ပြည့်စုံသော တံတားတစ်စင်းအဖြစ် တည်ရှိနေပါသည်။"

**Wisdom Bridge ၏ ရည်မှန်းချက်**

- ကျောင်းသားကျောင်းသူများ ပညာရေးတွင် ထူးချွန်ပြီး လူမှုရေးရာ ဖွံ့ဖြိုးတိုးတက်စေရန် စွမ်းဆောင်ပေးခြင်း။
- ကျောင်းသားကျောင်းသူများ သာလွန်ကောင်းမွန်သော ပညာရေးအခွင့်အလမ်းများကို ရရှိနိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်း။
- ပြီးပြည့်စုံသောပညာရေးမှတဆင့် အသိပညာနှင့် ပညာဉာဏ်ကြားရှိ ကွာဟချက်ကို ပေါင်းကူးပေးပြီး၊ ကိုယ်ချင်းစာတရားရှိသော၊ တာဝန်ယူမှုရှိသောနှင့် ဆန်းသစ်တီထွင်နိုင်သော ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်ပြင်ဆင်ပေးခြင်း။

**WBIS ၏ ဆောင်ပုဒ်** "ပညာဉာဏ်ဖြင့် ပိုမိုတောက်ပသောအနာဂတ်ဆီသို့"

**အဓိကတန်ဖိုးထားမှုများ (Decisive Values)**

## Decisive Values

Wisdom Bridge တွင် ကျွန်ုပ်တို့သည် **"Decisive-values / Learning forms" (အဓိကအကျဆုံးတန်ဖိုးများ/ သင်ယူမှုပုံစံများ)** ၏ ခိုင်မာသော အခြေခံအုတ်မြစ်သည် အပြုသဘောဆောင်ပြီး အလုံးစုံပြည့်စုံသော ပညာရေးပတ်ဝန်းကျင်ကို ဖော်ဆောင်ရာတွင် မရှိမဖြစ်လိုအပ်သည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ ကျောင်းဆိုင်ရာ "Decisive-values/Learning forms" များသည် ကျောင်းသားတိုင်း လေးစားမှု၊ ပံ့ပိုးမှုနှင့် မိမိတို့၏ အလားအလာအပြည့်အဝကို ရရှိစေရန် စိတ်အားတက်ကြွစေမည့် လူမှုအသိုင်းအဝိုင်းတစ်ခုကို တည်ဆောက်ရန် ကျွန်ုပ်တို့သည် ခိုင်မာစွာရည်ရွယ်ထားပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ကျောင်းသားများအနေဖြင့် ဤတန်ဖိုးများကို နေ့စဉ်လူမှုဆက်ဆံရေးတွင် လက်တွေ့ကျင့်သုံးကြရန် တိုက်တွန်းအားပေးပြီး ပညာရေးထူးချွန်ရုံသာမက ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဆိုင်ရာ တာဝန်ယူမှုတို့ကိုပါ မြှင့်တင်ပေးမည်ဖြစ်ပါသည်။

ကျောင်းသားကျောင်းသူများ၏ ပညာရေးတွင် မိတ်ဖက်များအနေဖြင့်၊ ဤ "Decisive-values" များကို ကျွန်ုပ်တို့နှင့်အတူ လက်ခံကျင့်သုံးကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ မိဘအုပ်ထိန်းသူ၊ ဆရာသမားများနှင့် ကျောင်းသားကျောင်းသူများအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကြင်နာမှု၊ သမာဓိရှိမှုနှင့် လေးစားမှုရှိသော ယဉ်ကျေးမှုကို မွေးမြူနိုင်မည်ဖြစ်ပြီး၊ကျွန်ုပ်တို့၏ ကျောင်းသားများကို ကျောင်းတွင်သာမက ကျောင်းပြင်ပတွင်ပါ အောင်မြင်တိုးတက်လာစေရန် အားဖြည့်ပေးမည်ဖြစ်ပါသည်။

**သမာဓိ (Integrity):** ပညာရေးတွင် ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများကို လိုက်နာခြင်းဖြစ်သည်။ ပညာရေးဆိုင်ရာ သမာဓိရှိခြင်း (Academic Integrity) ဆိုသည်မှာ ကျောင်းသားများ၊ ဆရာများနှင့် ကျောင်း အနေဖြင့် ပညာရေးဆိုင်ရာလုပ်ဆောင်ချက်များတွင်ပါဝင်သော သုတေသနပြုခြင်း၊ စာပေနှင့် စာမေးပွဲဖြေဆိုခြင်းများကို ကျင့်ဝတ်နှင့်အညီ ပြုမူဆောင်ရွက်ရန် ကတိကဝတ်ပြုခြင်းကို ဆိုလိုသည်။

ပညာရေးပတ်ဝန်းကျင်တွင် ယုံကြည်ကိုးစားမှုနှင့် အပြန်အလှန်လေးစားမှုရှိသော ယဉ်ကျေးမှုကို ဖော်ဆောင်ရန်အတွက် သမာဓိရှိခြင်းသည် အလွန်အရေးကြီးပါသည်။ ကျောင်းသားများအနေဖြင့် ကိုယ်ပိုင်ဖန်တီးမှုများကို တန်ဖိုးထားရန်၊ ရင်းမြစ်များကို စနစ်တကျ ကိုးကားရန်နှင့် ရိုးသားစွာ ပူးပေါင်း ဆောင်ရွက်ရန်အတွက် အားပေးတိုက်တွန်းပါသည်။ ပညာရေးဆိုင်ရာ သမာဓိရှိမှုကို မြှင့်တင်ပေးခြင်းအားဖြင့် သင်ယူမှု အတွေ့အကြုံကို မြှင့်တင်ပေးရုံသာမက ကျောင်းသားများ၏ အနာဂတ်လုပ်ငန်းခွင်တွင်လည်း ကျင့်ဝတ်နှင့်အညီ ပြုမူနေထိုင်တတ်စေရန် ကြိုတင်ပြင်ဆင် ပေးနိုင်မည်ဖြစ်သည်။

**တာဝန်ယူမှု (Accountability):** ကျွန်ုပ်တို့သည် မိမိတို့၏ လုပ်ငန်းဆောင်တာများအတွက် တာဝန်ယူမှုရှိကြပြီး၊ သတ်မှတ်ထားသော စံနှုန်းများနှင့် ကိုက်ညီမှုမရှိသည့်အခါတွင်လည်း ဝန်ခံတတ်ကြကာ မိမိတို့၏ အကောင်းဆုံးဖြစ်လာစေရန် အစဉ်ကြိုးစားကြပါသည်။ တာဝန်ယူမှုရှိခြင်းသည် ပညာရေးနယ်ပယ်အတွင်း

ထူးချွန်ပြောင်မြောက်မှုနှင့် သမာဓိရှိမှုဆိုင်ရာ ယဉ်ကျေးမှုကို မွေးမြူပေးပြီး၊ မြင့်မားသောစံနှုန်းများကို ရရှိစေရန်နှင့် ကျောင်းသားများ၏ သင်ယူမှုရလဒ်များကိုတိုးတက်စေရန် အတွက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးပါသည်။

**ရိုသေလေးစားမှု (Respect):** အပြုသဘောဆောင်ပြီး ထိရောက်သော သင်ယူမှုပတ်ဝန်းကျင်ကို အခြေခံပေးသည့် တန်ဖိုးတစ်ခုဖြစ်သည်။ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ ဝန်းထမ်းများအားလုံး တစ်ဦးတစ်ယောက်ချင်းစီ၏ မျိုးရိုးဂုဏ်သိက္ခာကို အသိအမှတ်ပြုလေးစားပြီး ပညာရေးနယ်ပယ်တွင် လေးစားမှုဖြင့် လူတိုင်းကို ဂုဏ်သိက္ခာရှိစွာ ဆက်ဆံသော ယဉ်ကျေးမှုတစ်ခုကို ဖန်တီးခြင်းဖြစ်ပါသည်။ သင်ယူမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အထောက်အကူပြုသော ပတ်ဝန်းကျင်ကို မွေးမြူပေးခြင်း ဖြစ်သည်။ ထို့အပြင် ကျောင်းသားကျောင်းသူများကို နောင်လာမည့် အနာဂတ်ကြိုးပမ်းအားထုတ်မှုများတွင် လေးစားမှုရှိသော လူမှုဆက်ဆံရေးများ ပြုလုပ်နိုင်ရန်အတွက်လည်း ကြိုတင်ပြင်ဆင်ပေးပါသည်။

**ဆန်းသစ်တီထွင်မှု (Innovation):** သင်ကြားရေးနှင့် သင်ယူမှုလုပ်ငန်းစဉ်များကို မြှင့်တင်ပေးနိုင်သည့် အကြံဉာဏ်သစ်များ၊ နည်းလမ်းသစ်များ သို့မဟုတ် ကျင့်စဉ်သစ်များကို မိတ်ဆက်ပေးခြင်း ဖြစ်သည်။ ပညာရေးဆိုင်ရာ ရလဒ်များကို မြှင့်တင်ရန်နှင့် သင်ယူမှုကို ပိုမိုထိရောက်စေရန် စိတ်ဝင်စားဖွယ်ကောင်းစေရန် ကျယ်ပြန့်သော နည်းပညာများစွာ ပါဝင်သည်။ ပညာရေးတွင် ဆန်းသစ်တီထွင်မှုဆိုသည်မှာ ပြောင်းလဲမှုများကို လက်ခံကျင့်သုံးပြီး ပညာရေးအတွေ့အကြုံကို တိုးတက်စေရန် နည်းလမ်းများကို အစဉ်ရှာဖွေနေခြင်းဖြစ်ကာ၊ ကျောင်းသားကျောင်းသူများအတွက် အနာဂတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စေရန် လိုအပ်သည့် အရည်အချင်းများနှင့် ပြည့်စုံပြီး ထိရောက်မှုရှိနေစေရန် အာမခံချက်ပေးခြင်း ဖြစ်ပါသည်။

**ကိုယ်ချင်းစာတရား (Compassion):** အခြားသူများကို နားလည်သဘောပေါက်ပြီး စာနာပေးခြင်း၊ ကိုယ်ချင်းစာစိတ်ဖြင့် ခံစားကာ ၎င်းကို သက်သာရာရစေလိုသော ဆန္ဒရှိခြင်းဖြစ်သည်။ ၎င်းသည် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ဦးစားပေးပြီး အပြုသဘောဆောင်သော လူမှုဆက်ဆံရေးကို အားပေးသည့် ဂရုစိုက်တတ်သော လူမှုအသိုင်းအဝိုင်းတစ်ခုကို တည်ဆောက်ခြင်းလည်းဖြစ်သည်။ ဤသည်မှာ နောက်ဆုံးတွင် ပါဝင်ပတ်သက်သူအားလုံးအတွက် ပိုမိုပြည့်စုံကောင်းမွန်သော သင်ယူမှုအတွေ့အကြုံကို ဖြစ်ပေါ်စေပါသည်။

**ထူးချွန်မှု (Excellence):** ပညာရေး၊ ကျောင်းပြင်ပလှုပ်ရှားမှုများ၊ အားကစားနှင့် အနုပညာနယ်ပယ်တို့တွင် အကောင်းဆုံးရလဒ်များ ရရှိစေရန် ကြိုးပမ်းခြင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် မိမိတို့၏ စိတ်ဝင်စားမှုများနှင့် အရည်အချင်းများကို ဖော်ထုတ်နိုင်ရန်အတွက် အမျိုးမျိုးသော ပညာရေးသင်တန်းများနှင့် လှုပ်ရှားလုပ်ဆောင်မှုများကို ပံ့ပိုးပေးခြင်း အစရှိသည်တို့ ပံ့ပိုးပေးပါသည်။

**တီထွင်ဖန်တီးမှု (Creativity):** တီထွင်ဖန်တီးနိုင်စွမ်းသည် ကျောင်းတစ်ကျောင်း၏ အရေးပါသောတန်ဖိုးတစ်ခုဖြစ်ပြီး ကျောင်းသားကျောင်းသူများနှင့် စီမံရေးရာဝန်ထမ်းများအား တီထွင်ကြံဆတွေးခေါ်စေရန်၊ အယူအဆသစ်များကို ရှာဖွေတွေ့ရှိစေရန်နှင့် မိမိကိုယ်ကို မူလအရင်းတည်သော နည်းလမ်းများဖြင့် ဖော်ပြနိုင်စေရန် လှုံ့ဆော်ပေးပါသည်။ ဤတန်ဖိုးကို ကျောင်းပတ်ဝန်းကျင်တွင် ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် ကျောင်းသားများသည် တီထွင်ဖန်တီးမှုရှိသော တွေးခေါ်ရှင်များနှင့် ယုံကြည်မှုအပြည့်ရှိသည့် ပုဂ္ဂိုလ်များအဖြစ် ရပ်တည်နိုင်စေမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ အဓိကအကျဆုံးအဆုံးအဖြတ်ပေးသည့် တန်ဖိုးများသည် သင်ကြားရေးနှင့် သင်ယူရေး ပတ်ဝန်းကျင်ကို မြှင့်တင်ပေးရာတွင် အခြေခံကျသော ကိရိယာတစ်ခုအဖြစ် တည်ရှိနေပါသည်။ ဤတန်ဖိုးများကို ပေါင်းစပ်ကျင့်သုံးခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် ကျောင်းသားများအတွက် ဆန်းစစ်သုံးသပ်မှုများ၊ အသိပေးချက်များ ပြုလုပ်ပေးခြင်းနှင့် မိမိကိုယ်ပိုင်တာဝန်ယူမှုရှိစေရန်နှင့် အလုံးစုံပြည့်စုံသော ပညာရေးကို ဖော်ဆောင် ပေးလျက်ရှိပါသည်။ ဤတန်ဖိုးများသည် ကျောင်းသားကျောင်းသူတိုင်း၏ နောက်ခံသမိုင်းကြောင်း သို့မဟုတ် အရည်အသွေးများ မည်သို့ပင်ရှိစေကာမူ တစ်ဦးတစ်ယောက်ချင်းစီသည် တန်ဖိုးထားခံရမည်ဖြစ်ပြီး အောင်မြင်မှုများ ရရှိစေရန်နှင့် ကျောင်းအသိုင်းအဝိုင်း၏ အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် ရှိနေစေရန် အာမခံချက်ပေးသွားမည်ဖြစ်ပါသည်။

**၂။ ပညာရေး — သင်ရိုးညွှန်းတမ်းနှင့် နှစ်အလိုက်စာသင်တန်းများ**

WBIS သည် UK နိုင်ငံသင်ရိုးညွှန်းတမ်းကို လိုက်နာကျင့်သုံးမည်ဖြစ်ပြီး Pearson Edexcel iPrimary စာမေးပွဲဘုတ်အဖွဲ့နှင့် သင်ရိုးကို သင်ကြားပေးမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏သင်ရိုးသည် နိုင်ငံတကာမူဘောင်နှင့်အတူ မြန်မာဘာသာစကား၊ ယဉ်ကျေးမှု၊ လူမှုရေးသိပ္ပံနှင့် ဘဝအတွက် လိုအပ်သောကျွမ်းကျင်မှုများကို ပေါင်းစပ်သင်ကြားပေးနေပါသည်။

**Key Stages**

- Early Years
- Key Stage 1 (Years 1 & 2)
- Lower Key Stage 2 (Years 3 & 4)
- Upper Key Stage 2 (Years 5 & 6)

**မူလတန်းအဆင့် (အသက် ၄–၁၁ နှစ်)**

**ဘာသာရပ်များ:** အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ ကွန်ပျူတာပညာ၊ ကမ္ဘာ့အကြောင်းသိကောင်းစရာ (World Around Us)၊ ရုပ်ပိုင်းဆိုင်ရာပညာ (PE)၊ ကျန်းမာရေးနှင့် စီးပွားရေး သိပ္ပံPSHE၊ အနုပညာနှင့် ဒီဇိုင်း၊ နှင့် ဂီတ ဘာသာရပ်များ ကို သင်ကြားပြသပေးပါသည်။

- **သင်ကြားရေးဆရာများ -** အရည်အချင်းပြည့်မီပြီး ကျွမ်းကျင်သော ဆရာ၊ ဆရာမများ။
- **ပရော်ဖက်ရှင်နယ် အရည်အချင်းမြှင့်တင်ရေး -** Pearson မှတဆင့် ဘာသာရပ်အလိုက် ဆရာ၊ ဆရာမများအတွက် လူကိုယ်တိုင်လည်းကောင်း၊ အွန်လိုင်းမှတစ်ဆင့်လည်းကောင်း သင်တန်းများပေးခြင်း အပါအဝင် ပြည့်စုံသော ပံ့ပိုးကူညီမှုများ။

**iPrimary အကဲဖြတ်ခြင်း** ကျောင်းသားကျောင်းသူများသည် Year 6 အဆုံးတွင် Pearson UK မှ စီမံခန့်ခွဲသော Primary Check Point Year 6 နိုင်ငံတကာစာမေးပွဲကို ဖြေဆိုအောင်မြင်ရန် လိုအပ်ပါသည်။

**အလယ်တန်းပညာရေး (အသက် ၁၂–၁၅ နှစ်) - iLower Secondary Level (Ages 12–15)**

- **အဓိကဘာသာရပ်များ** - အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံနှင့် ကွန်ပျူတာဘာသာရပ်၊ ကမ္ဘာ့နိုင်ငံသားဆိုင်ရာ ဘာသာရပ်၊ ရုပ်ပိုင်းဆိုင်ရာပညာ (PE)၊ အနုပညာ၊ နိုင်ငံခြားဘာသာစကား။
- **အကဲဖြတ်စစ်ဆေးခြင်း** - Year 9 အတန်းပြီးဆုံးချိန်တွင် Pearson UK မှ ချမှတ်သော iLower Secondary Checkpoint စာမေးပွဲကို စစ်ဆေးခြင်း။

**International General Certificate of Secondary Education (iGCSE) အဆင့် (အသက် ၁၅ နှစ်မှ ၁၆ နှစ်)**

● ကျောင်းသားများသည် အင်္ဂလိပ်စာ၊ သင်္ချာနှင့် သိပ္ပံဘာသာရပ်များကို ဆက်လက်သင်ယူကြမည်ဖြစ်ပြီး၊ ၎င်းတို့ကိုယ်တိုင် စိတ်ပါဝင်စားသည့် International General Certificate of Secondary Education (IGCSE ) မှ ဘာသာရပ်အချို့ကိုလည်း ရွေးချယ်သင်ယူနိုင်မည်ဖြစ်ပါသည်။ ဤနှစ်နှစ်တာကာလအတွင်း ကျောင်းသားများသည် International General Certificate of Secondary Education (IGCSE) စာမေးပွဲအတွက် ပြင်ဆင်သည့် သင်ရိုးညွှန်းတမ်းများကို သင်ယူကြရမည်ဖြစ်ပါသည်။

**အနာဂတ်စီမံကိန်းများ**

Wisdom Bridge International School ကျောင်းအနေဖြင့် သင်ရိုးညွှန်းတမ်းများကို တဖြည်းဖြည်းချင်း တိုးချဲ့သွားရန် စီစဉ်ထားပြီး iPrimary အဆင့်မှစတင်၍ iGCSE နှင့် အဆင့်မြင့်သော Advanced level အစီအစဉ်များအထိ အဆင့်ဆင့် တိုးမြှင့်မိတ်ဆက်သွားမည်ဖြစ်သည်။

## ၃။ အမှတ်ပေးစနစ်နှင့် အကဲဖြတ်ခြင်း

WBIS သည် Pearson UK သင်ရိုးညွှန်းတမ်းစံနှုန်းများနှင့် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန (MOE) စံနှုန်းများနှင့်အညီ ကျောင်းသားကျောင်းသူများ၏ တိုးတက်မှုကို အကဲဖြတ်ရန်အတွက် ပုံစံမျိုးစုံ (formative) နှင့် စုစည်းမှု (summative) အကဲဖြတ်မှုများကို အသုံးပြုပြီး စီစစ်ပေးမည်ဖြစ်ပါသည်။ တရားဝင်အမှတ်စာရင်း ရီပို့ကတ်များကို ဒီဇင်ဘာနှင့် မေလတွင် စာသင်နှစ် တစ်နှစ်လျှင် နှစ်ကြိမ် ထုတ်ပေးမည်ဖြစ်ပါသည်။

**အဆင့်သတ်မှတ်ခြင်းဆိုင်ရာ စံနှုန်းများ (Grading Criteria)**

ကျောင်းသားကျောင်းသူများ၏ အဆင့်သတ်မှတ်ချက်များကို အောက်ပါစံနှုန်း (၄) ချက်အပေါ် အခြေခံ၍ သတ်မှတ်ပါသည် -

- **အကဲဖြတ်စစ်ဆေးမှု ရလဒ်များ (Assessment Results) -** ပုံမှန်စစ်ဆေးမှု (Formative) နှင့် သင်ခန်းစာအပြီး စစ်ဆေးမှု (Summative) တို့တွင် ပြသနိုင်သော စွမ်းဆောင်ရည်။
- **အတန်းတွင်း ပါဝင်ဆောင်ရွက်မှု (Classroom Performance) -** သင်ခန်းစာအပေါ် စိတ်ပါဝင်စားမှု၊ ပါဝင်ဆွေးနွေးမှုနှင့် လုပ်ဆောင်ချက်များ၏ အရည်အသွေး။
- **ကြိုးစားအားထုတ်မှုနှင့် စိတ်နေသဘောထား (Effort & Attitude) -** သင်ယူမှုနေရာမျိုးစုံမှ ပြသသည့် ကြိုးစားအားထုတ်မှု။
- **အိမ်စာနှင့် စီမံကိန်းများ (Homework & Projects) -** တာဝန်ပေးအပ်ထားသော အလုပ်များကို ပြီးမြောက်မှုနှင့် အရည်အသွေး။

ဤစံနှုန်းများကို ကျောင်းသားတစ်ဦးချင်းစီ၏ အောင်မြင်မှုအဆင့်ကို ဆုံးဖြတ်ရန် အသုံးပြုပြီး၊ **အခြေခံအဆင့် အနေဖြင့် တိုးတက်ဆဲ (emerging)**၊ **မျှော်မှန်းထားသည့်အဆင့် (expected)** သို့မဟုတ် **မျှော်မှန်းချက်ထက်ကျော်လွန်သည့်အဆင့် (exceeding)** ဟူ၍ အမျိုးအစားခွဲခြားထားပါသည်။ ဤအချက်အလက်များသည် P1, P2 နှင့် P3 အဆင့်ရှိ iPrimary စစ်ဆေးမှုများတွင် ကျောင်းသားကျောင်းသူများ၏ ရလဒ်များအတွက် အထောက်အကူဖြစ်စေပါသည်။

ပညာသင်နှစ်တစ်လျှောက်လုံးတွင် ကျွန်ုပ်တို့သည် ကျောင်းသားကျောင်းသူများနှင့် မိဘများအတွက် စာမေးပွဲစစ်ဆေးခြင်းများနှင့် ကလေးငယ်အတွက်ပြင်ဆင်မှုဆိုင်ရာ ဗဟုသုတများအကြောင်း အသိပညာပေး အစည်းအဝေးများကို စီစဉ်ဆောင်ရွက်ပေးပါသည်။ ကျွန်ုပ်တို့၏ အဆင့်သတ်မှတ်ခြင်းနှင့် အကဲဖြတ်ခြင်းစနစ်သည် ကျောင်းသားကျောင်းသူများနှင့် မိဘလူကြီးမင်းများအတွက် ပွင့်လင်းမြင်သာမှုရှိပြီး နားလည်လွယ်ကူစေရန် အစဉ်အမြဲ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

**အကဲဖြတ်မှုအဆင့်များ:**

- **Emerging (တိုးတက်ဆဲ):** မျှော်လင့်ထားသော ကျွမ်းကျင်မှုနှင့် အသိပညာများကို စတင်ဖွံ့ဖြိုးတိုးတက်နေခြင်း။
- **Expected (မျှော်လင့်ထားသည့်အတိုင်း):** မိမိအသက်အရွယ်/အတန်းအတွက် သတ်မှတ်ထားသော အဆင့်တွင် ရှိနေခြင်း။
- **Exceeding (ကျော်လွန်ခြင်း):** မျှော်လင့်ထားသည့်အဆင့်ထက် သိသာထင်ရှားစွာ သာလွန်နေခြင်း။

အဆိုပါအဆင့်များသည် iPrimary Checkpoint အကဲဖြတ်မှုများတွင် P1၊ P2 နှင့် P3 အဆင့်ရလဒ်များအဖြစ် ပါဝင်ပါသည်။

**အလယ်တန်းအဆင့် အကဲဖြတ်ခြင်း — IGCSE**

Key Stage 3 နှင့် 4 ရှိ ကျောင်းသားများကို အောက်ပါတို့ ပေါင်းစပ်၍ အကဲဖြတ်သည် -

- အတန်းတွင်း ပုံစံမျိုးစုံ (Formative) နှင့် စုစည်းမှု (Summative) အကဲဖြတ်မှုများ
- အတန်းတွင်း စွမ်းဆောင်ရည်နှင့် ဆရာများ၏ စောင့်ကြည့်လေ့လာမှု
- လက်တွေ့ကြိုးစားအားထုတ်မှုများ နှင့် အိမ်စာပြီးမြောက်မှု
- Year 9 အဆုံးတွင် iLower Secondary Checkpoint စာမေးပွဲ

- Year 11 အဆုံးတွင် IGCSE စာမေးပွဲများ

## ၄။ Wisdom Bridge International School ၏ ပညာရေးဆိုင်ရာ ပံ့ပိုးမှု- ၂၁ ရာစုဆိုင်ရာလိုအပ်သော ကျွမ်းကျင်မှုများ ကို ရည်ရွယ်ခြင်း

Wisdom Bridge International School သည် ခေတ်သစ်ကမ္ဘာကြီးအတွက် လိုအပ်သော မရှိမဖြစ် ၂၁ ရာစုဆိုင်ရာ လိုအပ်သော ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးသော ပညာရေးပုံစံကို ကျင့်သုံးသင်ကြားပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ချဉ်းကပ်မှုမှာ 5Cs ဟုခေါ်ဆိုသော ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)၊ သဟဇာတဖြစ်ခြင်း (Cooperation)၊ မိမိ၏ စဉ်းစားတွေးခေါ်မှု၊ သင်ယူမှုပုံစံကို သိရှိခြင်း (Metacognitive Thinking)၊ တီထွင်ဖန်တီးနိုင်စွမ်း (Creativity) နှင့် နိုင်ငံသားကောင်းစိတ်ဓာတ် (Citizenship) တို့အပေါ် အခြေခံထားပါသည်။ ဤအဓိကမူဝါဒများကို ကျွန်ုပ်တို့၏ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးနည်းစနစ်တိုင်းတွင် ထည့်သွင်းကျင့်သုံးလျက်ရှိပါသည်။

### သင်ယူမှုနည်းဗျူဟာ Differentiated Learning

ကျောင်းသားကျောင်းသူတိုင်းသည် ထူးခြားပြီး ကိုယ်ပိုင်အရှိန်အဟုန်ဖြင့် သင်ယူနိုင်ကြသည်ကို ကျွန်ုပ်တို့ အသိအမှတ်ပြုပြီးဖြစ်ပါသည်။ ထို့ကြောင့်၊ အတန်းတစ်တန်းစီတွင် တစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့်အညီ သင်ကြားမှုနှင့် သင်ယူမှုနည်းဗျူဟာများ (differentiated teaching and learning) ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ ဤချဉ်းကပ်မှုသည် ကျောင်းသားအားလုံး မိမိတို့၏ အခြေခံအဆင့်အတန်း မည်သို့ပင်ရှိစေကာမူ အောင်မြင်မှုရရှိစေရန်နှင့် တိုးတက်မှုရှိစေရန် အာမခံချက်ပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများကို အောင်မြင်မှုဆိုင်ရာ စံနှုန်း (၃) ဆင့်ဖြင့် ဒီဇိုင်းဆွဲထားပါသည်။

- **အားလုံးအတွက် (ALL) -** ကျောင်းသားကျောင်းသူတိုင်း မဖြစ်မနေ ကျွမ်းကျင်ရမည့် အခြေခံသဘောတရားများနှင့် ကျွမ်းကျင်မှုများ။
- **အများစုအတွက် (MOST) -** ကျောင်းသားကျောင်းသူအများစု အောင်မြင်စွာ ရရှိနိုင်မည့် ပိုမိုမြင့်မားသော သဘောတရားများနှင့် ကျွမ်းကျင်မှုများ။
- **အချို့အတွက် (SOME) -** ပိုမိုနက်ရှိုင်းစွာ လေ့လာလိုပြီး မိမိတို့၏ သင်ယူမှုကို ပိုမိုတွန်းအားပေးလိုသည့် ကျောင်းသားကျောင်းသူများအတွက် တိုးချဲ့သင်ခန်းစာများနှင့် စိန်ခေါ်မှုများ။

### Active-Learn Digital Platform နည်းပညာ လမ်းညွှန်မှုများ

၂၁ ရာစု ပညာရေးစနစ်ကို အကောင်အထည်ဖော်ရန်နှင့် ပြည့်စုံသော သင်ကြားမှုကို အထောက်အကူ ပြုစေရန်အတွက် ကျွန်ုပ်တို့သည် ကျောင်းသားကျောင်းသူများကို **Active-Learn** နည်းပညာများကို အသုံးပြုခွင့်ပေးထားပါသည်။

ဤပြလက်ဖောင်း သည် အတန်းတွင်း သင်ကြားသင်ယူမှုနှင့် အိမ်တွင် မိမိကိုယ်တိုင်လေ့လာမှုတို့ကို ပိုမိုလွယ်ကူစေမည်ဖြစ်ပါသည်။ Active-Learn သည် အပြန်အလှန်တုံ့ပြန်မှုရှိသော လုပ်ဆောင်ချက်များ၊ လေ့ကျင့်ခန်းများနှင့် တစ်ဦးချင်းစီအတွက် ပံ့ပိုးပေးသော အကြံပြုချက်များ အပါအဝင် အရင်းအမြစ်များစွာကို ပံ့ပိုးပေးပါသည်။ နည်းပညာကို အသုံးချခြင်းဖြင့် ကျောင်းသားကျောင်းသူများအနေဖြင့် မိမိတို့၏ သင်ယူမှုကို အရှိန်အဟုန်ဖြင့် မိမိကိုယ်ပိုင် တိုးတက်အောင် စွမ်းဆောင်ပေးလျက်ရှိပါသည်။

**Active-Learn နည်းပညာလမ်းညွှန်မှု၏ အကျိုးကျေးဇူးများ**

- **ခိုင်မာစေခြင်းနှင့် ပြန်လည်လေ့လာခြင်း** - ကျောင်းသားကျောင်းသူများသည် သင်ခန်းစာများ၏ အဓိက သဘောတရားများကို ပြန်လည်ဆန်းစစ်ပြီး နားလည်မှုကို ပိုမိုခိုင်မာစေနိုင်သည်။
- **နက်ရှိုင်းစွာ နားလည်သဘောပေါက်ခြင်း** - အပြန်အလှန်တုံ့ပြန်မှုရှိသော လှုပ်ရှားမှုများနှင့် မီဒီယာအရင်းအမြစ်များသည် ပိုမိုထိရောက်သော သင်ယူမှုနှင့် နားလည်သဘောပေါက်မှုကို မြှင့်တင်ပေးသည်။
- **တိုးချဲ့လေ့လာခြင်းနှင့် စိန်ခေါ်မှုများ -** ကျောင်းသားကျောင်းသူများသည် ၎င်းတို့၏ သင်ယူမှုကို ပိုမိုများပြားစေနိုင်ရန် ထပ်ဆောင်းသင်ခန်းစာများနှင့် စိန်ခေါ်မှုရှိသော သင်ခန်းစာများကို ရယူလေ့လာနိုင်သည်။
- **တစ်ဦးချင်းစီအတွက် သီးသန့်သင်ယူမှု** - နည်းပညာများသည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ လိုအပ်ချက်များအတိုင်း လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲပေးနိုင်ပြီး တစ်ဦးချင်းစီနှင့် လိုက်ဖက်သော အကြံပြုချက်များကို ပံ့ပိုးပေးသည်။

**ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်အတွက် အဆင်သင့်ဖြစ်စေခြင်း**

Wisdom Bridge International School တွင် ပညာရေးအောင်မြင်မှုသည် ဘက်စုံပညာရေး၏ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ 5Cs (ပူးပေါင်းဆောင်ရွက်ခြင်း၊ သဟဇာတဖြစ်အောင်ဆောင်ရွက်ခြင်း၊ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်တွေးခေါ်ခြင်း၊ တီထွင်ဖန်တီးနိုင်စွမ်း၊ နိုင်ငံသားကောင်းစိတ်ဓာတ်) ကို မြှင့်တင်ပေးခြင်းနှင့် အထောက်အပံ့ပေးသော၊ စိန်ခေါ်မှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းဖြင့်၊ ကျောင်းသားကျောင်းသူများသည် ပညာရပ်ပိုင်းတွင် ထူးချွန်ရုံသာမက အောက်ပါအရည်အသွေး များရှိသော ကျောင်းသားကျောင်းသူများကို မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။

- **ဝေဖန်ပိုင်းခြားနိုင်သူများနှင့် ကိစ္စတစ်ခုကို အဖြေရှာပေးနိုင်သူများ**- အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ အထောက်အထားများကို အကဲဖြတ်ခြင်းနှင့် တိကျမှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်း။
- **ထိရောက်သော ဆက်သွယ်ပြောဆိုသူများနှင့် ပူးပေါင်းဆောင်ရွက်သူများ** - အသင်းအဖွဲ့အတွင်း ထိရောက်စွာ လုပ်ဆောင်နိုင်ခြင်း၊ မိမိ၏ အကြံဉာဏ်များကို ရှင်းလင်းစွာ ပြောဆိုနိုင်ခြင်းနှင့် ကွဲပြားခြားနားသော အမြင်များကို လေးစားခြင်း။
- **တီထွင်ဖန်တီးနိုင်စွမ်းရှိသူများနှင့် ဆန်းသစ်တီထွင်သူများ** - သမားရိုးကျမဟုတ်သော အတွေးအခေါ်များကို တွေးတောခြင်း၊ အကြံဉာဏ်သစ်များ ထုတ်ဖော်ခြင်းနှင့် ပညာရပ်ဆိုင်ရာ စွန့်စားမှုများ ပြုလုပ်ရန် စိတ်အားထက်သန်ခြင်း။
- **တာဝန်ယူမှုရှိပြီး တက်ကြွသော နိုင်ငံသားများ** - လူ့အဖွဲ့အစည်းအတွင်း မိမိ၏ အခန်းကဏ္ဍကို နားလည်သဘောပေါက်ပြီး အပြုသဘောဆောင်သည့် အကျိုးပြုလုပ်ဆောင်ချက်များအတွက် ကတိကဝတ်ပြုခြင်း။

ကျွန်ုပ်တို့၏ ဘက်စုံသင်ရိုးညွှန်းတမ်းဆိုင်ရာ ပံ့ပိုးမှုများနှင့် ၂၁ ရာစု ပညာရေးအတွက် အလေးထားဆောင်ရွက်မှုများမှတစ်ဆင့် ကျောင်းသူကျောင်းသားများကို ကျောင်း၊ တက္ကသိုလ်နှင့် အနာဂတ်ဘဝတွင် အောင်မြင်မှုများ ရရှိစေရန် ပြင်ဆင်ပေးသွားမည် ဖြစ်ပါသည်။

## အိမ်စာ (Homework)

### အိမ်စာဆိုသည်မှာ ?

အိမ်စာဆိုသည်မှာ ကျောင်းချိန်ပြင်ပတွင် လွတ်လပ်စွာ ပြုလုပ်ခြင်း သို့မဟုတ် မိဘများ၏ အကူအညီဖြင့် တာဝန်ပေးအပ်ထားသော မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းသည် လက်ရှိသင်ကြားနေသော သင်ခန်းစာများနှင့် သက်ဆိုင်ပြီး သင့်လျော်စွာ စီန်ခေါ်မှုရှိသည့် လုပ်ငန်းတစ်ခု ဖြစ်သည်။

### အိမ်စာ၏ ရည်ရွယ်ချက်များ

- အဓိကအားဖြင့် စာပေနှင့် ကိန်းဂဏန်းဆိုင်ရာ ကျွမ်းကျင်မှုများကို ခိုင်မာစေရန်နှင့် ပြန်လည်လေ့ကျင့်ပေးရန်။
- အပိုဆောင်း စာဖတ်ခြင်း သို့မဟုတ် သုတေသနပြုခြင်းများမှတစ်ဆင့် ကျောင်းတွင် သင်ကြားခဲ့သည်များကို ပိုမိုကျယ်ပြန့်စွာ လေ့လာနိုင်စေရန်။
- ကိုယ်တိုင်လေ့လာခြင်း အလေ့အကျင့်နှင့် ကိုယ့်ကိုယ်ကိုယ်စည်းကမ်းထားနိုင်မှု (အထူးသဖြင့် အလယ်တန်း ကျောင်းသား များအတွက်) တိုးတက်စေရန်။
- မိဘများအနေဖြင့် အိမ်တွင် သင်ယူမှုကို ကူညီပေးနိုင်ရန်နှင့် ကျောင်း၏ သင်ကြားရေးပုံစံများကို နားလည် သဘောပေါက်စေရန်။

### အိမ်စာမှတ်စုစာအုပ်များ (Homework Diaries)

Year 1 (ပထမတန်း) မှစ၍ ကျောင်းသားတိုင်းသည် အိမ်စာမှတ်စုစာအုပ်ကို ကိုင်ဆောင်ရမည်ဖြစ်ပြီး နေ့စဉ် အိမ်သို့ယူဆောင်ကာ မိဘများက လက်မှတ်ရေးထိုးပေးရမည်ဖြစ်သည်။ အလယ်တန်းကျောင်းသားများသည် ၎င်းတို့၏ မှတ်စုစာအုပ်များကို ကိုယ်တိုင်စီမံခန့်ခွဲရန်နှင့် နောက်ဆုံးသတ်မှတ်ရက်များကို ကိုယ်တိုင်ခြေရာခံစောင့်ကြည့်ရန် တာဝန်ယူရမည်ဖြစ်ပါသည်။

## ၅။ ကျောင်းသားကျောင်းသူများ၏ Wisdom Bridge International School တွင် နေ့စဉ်လုပ်ငန်းများ

Wisdom Bridge International School ရှိ ကျောင်းသားဘဝသည် ပျော်ရွှင်ဖွယ်ကောင်းပြီး အပြန်အလှန် ပံ့ပိုးကူညီပေးသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု အဖြစ် ဖန်းတီးပေးနေခြင်း ဖြစ်ပါသည်။ ထိုပတ်ဝန်းကျင်တွင် ခိုင်မာသော

အလုပ်အပေါ်ထားရှိသည့် စိတ်ဓာတ် (strong work ethic)၊ ကျင့်ဝတ်နှင့်အညီ သင်ယူခြင်း၊ ဂရုစိုက်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ နှင့် ဆရာ၊ ကျောင်းသား၊ ဝန်ထမ်းများအကြား အပြုသဘောဆောင်သော ဆက်ဆံရေးတို့ကို အထူးအလေးထားပါသည်။

Wisdom Bridge International School ကျောင်းအနေဖြင့် ကျောင်းသားများ၏ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်မှုကို ဦးစားပေးဆောင်ရွက်ပြီး ထိရောက်သော သင်ယူမှုအတွက် အထောက်အကူဖြစ်စေမည့် အခြေအနေများကို ဖန်တီးပေးထားပါသည်။ ကျောင်းသားများအနေဖြင့် ကျောင်း၏ မူဝါဒများနှင့် မျှော်မှန်းချက်များကို လိုက်နာရန်လိုအပ်ပြီး မိမိတို့၏ ပညာရေးဆိုင်ရာ ကြိုးပမ်းမှုများတွင် လုံ့လဝီရိယရှိခြင်း၊ စိတ်အားထက်သန်ခြင်း၊ ပျော်ရွှင်တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းတို့ကို ပြသရန် မျှော်လင့်ပါသည်။

**Wisdom Bridge International School ၏ ကျောင်းပြင်ပလှုပ်ရှားမှုများနှင့် စနေ၊ တနင်္ဂနွေ သင်တန်းများ**

**ကျောင်းပြင်ပလှုပ်ရှားမှုများ (Extracurricular Activities)**

**အားကစား**

- ရေကူးခြင်း
- ကြက်တောင်ရိုက်ခြင်း
- ဘတ်စကက်ဘော
- ဘောလုံးကစားခြင်း
- ကျောင်းတွင်းအသင်း အားကစားပြိုင်ပွဲများ

**စနေ၊ တနင်္ဂနွေ သင်တန်းများ (Weekend Classes)**

- **ဘာသာစကားကျွမ်းကျင်မှု** - PEIC စာမေးပွဲများအတွက် English Code သင်ရိုးညွှန်းတမ်း။

**ကျောင်းပြင်ပလှုပ်ရှားမှုများနှင့် စနေ၊ တနင်္ဂနွေ သင်တန်းများ၏ အကျိုးကျေးဇူးများ**

- ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် လှုပ်ရှားမှုပေါင်းစပ်နိုင်စွမ်းကို တိုးတက်စေခြင်း။
- အသင်းအဖွဲ့ဖြင့် လုပ်ဆောင်ခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်းစွမ်းရည်များကို မြှင့်တင်ပေးခြင်း။
- တီထွင်ဖန်တီးနိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းကို မြှင့်တင်ပေးခြင်း။
- ကျောင်းသားများ၏ ဝါသနာနှင့် အရည်အချင်းများကို ဖော်ထုတ်ရန် အခွင့်အလမ်းများ ပေးအပ်ခြင်း။
- လူမှုအသိုင်းအဝိုင်းတွင် ပါဝင်မှုရှိသည်ဟူသော ခံစားချက်ကို ရရှိစေခြင်း။
- ဘက်စုံထူးချွန်သော လူတစ်ယောက်ဖြစ်လာစေရန် အထောက်အကူပြုခြင်း။

**ကျွမ်းကျင်သော နည်းပြဆရာများ**

ကျွန်ုပ်တို့၏ ကျောင်းပြင်ပလှုပ်ရှားမှုများနှင့် စနေ၊ တနင်္ဂနွေ သင်တန်းများကို မိမိတို့ဘာသာရပ်အပေါ် စိတ်အားထက်သန်ကြသော ကျွမ်းကျင်သည့် နည်းပြများက ဦးဆောင်သင်ကြားပေးပါသည်။ ၎င်းတို့သည် ကျောင်းသားကျောင်းသူများ၏ စွမ်းဆောင်ရည်အပြည့်အဝကို ရရှိစေရန်နှင့် ၎င်းတို့၏ ပန်းတိုင်များကို အောင်မြင်စေရန် အစဉ်အမြဲ ကူညီပံ့ပိုးပေးလျက်ရှိသည်။

**စာရင်းပေးသွင်းရန် လမ်းညွှန်ချက်**

ကျောင်းပြင်ပလှုပ်ရှားမှုများ သို့မဟုတ် စနေ၊ တနင်္ဂနွေ သင်တန်းများတွင် ပါဝင်ရန် စိတ်ဝင်စားသော ကျောင်းသားများအနေဖြင့် မိမိတို့၏ အတန်းပိုင်ဆရာ (Homeroom Teacher) သို့မဟုတ် ကျောင်းရုံးခန်းသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောင်းတွင်း အသင်း (House System) — အလယ်တန်းအဆင့်**

နိုင်ငံတကာကျောင်းများ၏ အကောင်းဆုံး အလေ့အကျင့်များကို လိုက်နာလျက်၊ WBIS အလယ်တန်းဌာနအနေဖြင့် အသိုင်းအဝိုင်းစိတ်ဓာတ်၊ ခေါင်းဆောင်မှုနှင့် ကိုယ်ပိုင်လက္ခဏာရပ်များ ပေါ်လွင်စေရန်အတွက် "House System" (ကျောင်းတွင်းအသင်းများ) ကို စတင်မိတ်ဆက်ပေးထားပါသည်။ အလယ်တန်းကျောင်းသားအားလုံးကို ကျောင်းအပ်နှံသည့် အချိန်တွင် အသင်း တစ်ခုခုသို့ ထည့်သွင်းပေးမည် ဖြစ်ပါသည်။ ဤစနစ်သည် အားကစားပြိုင်ပွဲများ၊ အထူးပွဲတော်များ၊ လူမှုရေးလုပ်ငန်းဆောင်တာများတွင် သင်ယူခြင်းနှင့် အတန်းအဆင့်အသီးသီးအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပံ့ပိုးပေးမည် ဖြစ်ပါသည်။

**သတင်းအချက်အလက်နှင့် သင်ယူမှုဗဟိုဌာန (စာကြည့်တိုက် - ILC)**

WBIS စာကြည့်တိုက် (ILC) သည် ကျွန်ုပ်တို့၏ သင်ရိုးညွှန်းတမ်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တစ်သက်တာလုံး စာဖတ်ခြင်းနှင့် သုတေသနပြုခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်စေရန်အတွက် နွေးထွေးပြီး အရင်းအမြစ်ကြွယ်ဝသော ပတ်ဝန်းကျင်ကို ဖန်တီးပေးထားပါသည်။

- **စာအုပ်အမျိုးအစားများ** - သူငယ်တန်းမှ အလယ်တန်းအထိ ဖတ်ရှုနိုင်သော ပုံပြင်၊ သုတစာပေ အစရှိသော စာအုပ်မျိုးစုံကို ရရှိနိုင်ပါသည်။
- **စာအုပ်ငှားရမ်းခြင်း** - ကျောင်းသားများသည် တစ်ကြိမ်လျှင် စာအုပ် (၂) အုပ်အထိ ငှားရမ်းနိုင်သည် (တစ်ပတ်လျှင် တစ်ကြိမ် ငှားရမ်းနိုင်ပြီး ဖတ်ပြီးသွားလျှင် အသစ်ထပ်မံငှားရမ်းနိုင်ပါသည်။
- **စာအုပ်ပျက်စီး/ပျောက်ဆုံးခြင်း** - စာအုပ်များ ပျောက်ဆုံးသွားပါက သို့မဟုတ် ပြန်လည်အသုံးပြု၍မရအောင် ပျက်စီးသွားပါက အစားထိုးစရိတ် ပေးဆောင်ရမည် ဖြစ်သည်။
- **အလယ်တန်းကျောင်းသားများအတွက်** - သုတေသနစီမံကိန်းများအတွက် စာအုပ်ငှားရမ်းချိန်ကို သက်တမ်းတိုး ငှားရမ်း နိုင်ပါသည်။

## ၆။ ကျောင်းစည်းကမ်းများ

**6.1 ကျောင်းတက်ရောက်မှု (Attendance)**

ပညာရေး တိုးတက်မှုအတွက် ပုံမှန်ကျောင်းတက်ရောက်ခြင်းသည် အလွန်အရေးကြီးပါသည်။ ကျောင်းသားများသည် ပညာသင်နှစ်တစ်ခုလုံးတွင် ကျောင်းတက်ရောက်မှုနှုန်း (၈၀%) ထက် မလျော့ဘဲ တက်ရောက်ရန် လိုအပ်ပါသည်။

ကလေးကျောင်းမတက်နိုင်သည့်နေ့တိုင်းတွင် မိဘများအနေဖြင့် နံနက် (၈:၀၀) နာရီမတိုင်မီ ကျောင်းရုံးခန်းသို့ အကြောင်းကြားရပါမည်။

- ဖျားနာ၍ ကျောင်းခွင့်ယူထားသော ကလေးသည် ကျောင်းသို့ ပြန်မတက်မီ (၂၄) နာရီအတွင်း ဖျားနာခြင်း လုံးဝမရှိတော့မှသာ ပြန်လည်တက်ရောက်ရပါမည်။
- ကိုယ်အပူချိန် **37.5°C** သို့မဟုတ် ထိုထက်ပို၍ ဖျားနာနေသော ကလေးကို ချက်ချင်းအိမ်သို့ ပြန်လွှတ်ပေးမည် ဖြစ်ပါသည်။
- ကြိုတင်စီစဉ်ထားသော လူမှုရေးကိစ္စရပ်များကြောင့် ကျောင်းခွင့်ယူရမည့်ကိစ္စအတွက် အတန်းပိုင်ဆရာထံသို့ ကြိုတင်၍ စာဖြင့် အကြောင်းကြားပေးရပါမည်။

### 6.2 ကျောင်းချိန်ထက် စော၍ ပြန်လည်ခေါ်ဆောင်ခြင်း (Early Dismissal)

ကျောင်းဆင်းချိန်မတိုင်မီ ကလေးအား လာရောက်ခေါ်ဆောင်လိုသော မိဘများအနေဖြင့် မိမိတို့ လာရောက်မည့်အချိန်ထက် တစ်ရက်ကြိုတင်ပြီး သို့မဟုတ် ၄နာရီ ကြိုတင် ကျောင်းရုံးခန်းသို့ အကြောင်းကြားပေးရပါမည်။ ကျောင်းဆင်းချိန်မတိုင်မီ ပြန်လည်ခေါ်ဆောင်ခြင်းကို ဖျားနာမှုရှိသည့်အခါ သို့မဟုတ် မိဘများထံမှ ခိုင်လုံသော စာဖြင့်တောင်းဆိုချက်ရှိမှသာ ခွင့်ပြုပေးပါသည်။

### 6.3 ကျောင်းဝတ်စုံယူနီဖောင်းဆိုင်ရာ စည်းမျဉ်း (Dress Code)

**Wisdom Bridge International School ၏ ကျောင်းဝတ်စုံ မူဝါဒ** Wisdom Bridge International School တွင် ပုံမှန်ဝတ်စုံနှင့် အားကစားဝတ်စုံဟူ၍ နှစ်မျိုးရှိပြီး ကျောင်းတက်ရက်များတွင် ကျောင်းဝတ်စုံကိုသာ ဝတ်ဆင်ရမည်ဖြစ်သည်။

**ပုံမှန်ဝတ်စုံ (Daily Wear Uniform)**

- WBIS ပိုလိုရှပ်အင်္ကျီ (ဘောင်းဘီ/စကတ်အတွင်းသို့ ထည့်ဝတ်ရမည်)
- WBIS ဘောင်းဘီတို သို့မဟုတ် ဘောင်းဘီရှည်
- WBIS ကျောင်းသုံးဖိနပ် သို့မဟုတ် အားကစားဖိနပ် (ခြေညှပ်ဖိနပ်၊ ကမ်းခြေစီးဖိနပ် သို့မဟုတ် ဖိနပ်ဒေါက်မြင့်များ မဝတ်ဆင်ရ)
- နာမည်ကတ်ပါရှိသော WBIS လည်ဆွဲ (Lanyard)

**အားကစားဝတ်စုံ (Sports Wear Uniform)**

WBIS အားကစားရှပ်အင်္ကျီ၊ WBIS အားကစားဘောင်းဘီတို နှင့် WBIS အားကစားဖိနပ်များ ဖြစ်သည်။

**မူလတန်းအဆင့် ကျောင်းသားများ**

- မူလတန်းအဆင့် ကျောင်းသားများအနေဖြင့် ဆံပင်ဆိုးခြင်းကို ခွင့်မပြုကြောင်း အသိပေးအပ်ပါသည်။

**အလယ်တန်းအဆင့် ဝတ်စားဆင်ယင်မှုဆိုင်ရာ စည်းမျဉ်း (Secondary Dress Code)**

- အလယ်တန်းကျောင်းသားများသည် မူလတန်းကျောင်းသားများနည်းတူ ကျောင်းဝတ်စုံဆိုင်ရာ စံနှုန်းများကို လိုက်နာရပါမည်။
- ဆံပင်ကို သန့်ရှင်းသပ်ရပ်စွာထားရှိရမည်ဖြစ်ပြီး အလွန်အကျွံ ဆံပင်အရောင်ဆိုးခြင်းကို ခွင့်မပြုပါ။
- အထူးအခမ်းအနားများအတွက် ကြိုတင်ခွင့်ပြုချက်ရယူထားခြင်းမှလွဲ၍ မိတ်ကပ်လိမ်းခြင်း၊ ရေမွှေးဆွတ်ခြင်း သို့မဟုတ် လက်ဝတ်ရတနာများ ဝတ်ဆင်ခြင်း မပြုလုပ်ရပါ။
- (WBIS မှ ပေးအပ်သော တံဆိပ်မှလွဲ၍) အခြားသော လိုဂိုနှင့် တံဆိပ်များကို ဝတ်ဆင်ခြင်း သို့မဟုတ် တပ်ဆင်ခြင်း ခွင့်မပြုပါ။

### ကျောင်းလွယ်အိတ်နှင့် နေ့လယ်စာဘူးများ

- ကျောင်းလွယ်အိတ်များနှင့် နေ့လယ်စာဘူးများပေါ်တွင် ကျောင်းသားကျောင်းသူ၏ အမည်ကို ရေးသား မှတ်သားထားရပါမည်။

### ပျောက်ဆုံးပြီး ပြန်လည်တွေ့ရှိသော ပစ္စည်းများ (Lost and Found)

- ကျောင်းတွင် ကျန်ရစ်ခဲ့သော ပစ္စည်းများအတွက် "ပျောက်ဆုံးပြီး ပြန်လည်တွေ့ရှိသော ပစ္စည်းများ" (Lost and Found) ခြင်းတောင်းတစ်ခု ထားရှိပေးမည် ဖြစ်ပါသည်။ သို့သော် မိမိတို့၏ ပစ္စည်းများကို မေ့ကျန်ခဲ့ပါက ကျောင်းသားကျောင်းသူများ ကိုယ်တိုင်သာ ရှာဖွေရမည် ဖြစ်ပါသည်။

### 6.4 ကျောင်းသို့ ယူဆောင်ခွင့်မရှိသော ပစ္စည်းများ (Prohibited Items)

ကျောင်းသားများအနေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို ကျောင်းသို့ ယူဆောင်လာခြင်းမပြုရန် အသိပေးအပ်ပါသည်။

- အရုပ်များ၊ ရုပ်သေးရုပ်များ၊ ဂိမ်းများနှင့် ကိုယ်ပိုင်အပန်းဖြေ အီလက်ထရွန်နစ်ပစ္စည်းများ။
- မီးခြစ်များ၊ မီးပွားထွက်စေသော၊ မီးလောက်လွယ်သော ပစ္စည်းများ။
- အိတ်ဆောင်ဓားများ၊ လက်နက်များ သို့မဟုတ် လက်နက်နှင့် ပုံစံတူသော မည်သည့်ပစ္စည်းမဆို။
- ဆေးလိပ်၊ အရက်နှင့် မည်သည့်မူးယစ်ဆေးဝါး အမျိုးအစားမဆို။

### မိုဘိုင်းဖုန်းများနှင့် အီလက်ထရွန်နစ်ပစ္စည်းများ

ကျောင်းသားများ၏ လုံခြုံရေး၊ စိတ်အေးချမ်းသာမှုနှင့် သင်ယူမှုအပေါ် အာရုံစူးစိုက်နိုင်စေရန်အတွက် မိုဘိုင်းဖုန်းများနှင့် ကိုယ်ပိုင်အီလက်ထရွန်နစ်ပစ္စည်းများကို ကျောင်းသို့ ယူဆောင်လာခွင့် မပြုကြောင်း အသိပေးအအပ်ပါသည်။ ခွင့်ပြုချက်မရှိဘဲ အသုံးပြုသည်ကို တွေ့ရှိပါက အဆိုပါပစ္စည်းကို ပညာသင်နှစ်ကုန်ဆုံးသည်အထိ သိမ်းဆည်းထားမည်ဖြစ်ပြီး၊ ထပ်ခါတလဲလဲ ကျူးလွန်ပါက ပညာသင်နှစ်တစ်နှစ်လုံး သိမ်းဆည်းထားမည် ဖြစ်သည်။ သိမ်းဆည်းထားသော ပစ္စည်းများ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် ကျောင်းမှ တာဝန်ယူမည်မဟုတ်ပါ။

WBIS တွင် အပြုသဘောဆောင်ပြီး စည်းကမ်းရှိသော ပတ်ဝန်းကျင်သည် အရည်အသွေးမြင့် ပညာရေးအတွက် အဓိကကျသောနေရာမှ ဖော်ဆောင်ပေးနေပါသည်။ အောက်ပါမူဝါဒများသည် ကျောင်းသားအားလုံးနှင့် သက်ဆိုင်ပြီး အလယ်တန်း ကျောင်းသားကျောင်းသူများအတွက် အထူးသတ်မှတ်ချက်များလည်း ပါဝင်ပါသည်။

### ၇.၁ တားမြစ်ထားသော အပြုအမူများ

အောက်ပါတို့ကို မည်သည့်စာသင်တန်းအဆင့်တွင်မဆို တင်းကျပ်စွာ တားမြစ်ထားပါသည် -

- မူးယစ်ဆေးဝါး၊ အရက် သို့မဟုတ် ဆေးလိပ်သုံးစွဲခြင်း သို့မဟုတ် ကိုင်ဆောင်ခြင်း။
- ကျောင်းသားကျောင်းသူအချင်းချင်း သို့မဟုတ် ဝန်ထမ်းများအပေါ် ရိုသေမှုမရှိခြင်း၊ ကိုယ်ထိလက်ရောက် သို့မဟုတ် စကားဖြင့် အနိုင်ကျင့်ခြင်း။
- လက်နက်များ (အရုပ် သို့မဟုတ် ပုံစံတူ လက်နက်များအပါအဝင်) ကိုင်ဆောင်ခြင်း။
- ကျောင်းပစ္စည်း သို့မဟုတ် သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်း။
- မည်သည့် လောင်းစကားနည်းမျိုးစုံ။
- မသင့်လျော်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အပြုအမူများ။
- ခွင့်ပြုချက်မရှိဘဲ ကျောင်းဝင်းပြင်ပသို့ ထွက်ခွာခြင်း။
- ကျောင်းဝတ်စုံ စည်းကမ်းဖောက်ဖျက်ခြင်း။
- ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပညာသင်နှစ်၏ ၈၀% အောက်သာ တက်ရောက်ခြင်း။

### ၇.၂ အရေးယူဆောင်ရွက်မှု လမ်းညွှန်

ကျောင်းစည်းကမ်းကို လိုက်နာရန် ပျက်ကွက်ပါက အောက်ပါအတိုင်း အရေးယူမည်ဖြစ်ပြီး ကျောင်းအုပ်ကြီးသည် အခြေအနေပေါ် မူတည်၍ သင့်လျော်သော အရေးယူမှုကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

**အသေးစား စည်းကမ်းဖောက်ဖျက်မှုများ (MINOR MISBEHAVIOUR)**

| ဖြစ်စဉ်များ / အပြုအမူများ | ဖြစ်နိုင်ခြေရှိသော အကျိုးဆက်များ |
|---|---|
| ၁။ ခွင့်ပြုချက်မရှိဘဲ နောက်ကျခြင်း သို့မဟုတ် မကြာခဏ နောက်ကျခြင်း | ၁။ မိဘထံ အကြောင်းကြားခြင်း |
| ၂။ အတန်းအတွင်း အနှောင့်အယှက် ဖြစ်စေသော အပြုအမူများ | ၂။ ကျောင်းစီမံခန့်ခွဲသူများနှင့် ကျောင်းသားကျောင်းသူများ / မိဘများနှင့် တွေ့ဆုံ ဆွေးနွေးခြင်း |

| ဖြစ်စဉ်များ / အပြုအမူများ | ဖြစ်နိုင်ခြေရှိသော အကျိုးဆက်များ |
|---|---|
| ၃။ ခွင့်ပြုချက်မရှိဘဲ ကျောင်းဝင်းမှ ထွက်ခွာခြင်း | ၃။ အတန်းပြင်ပတွင် သီးသန့်နေစေခြင်း (Time Out) သို့မဟုတ် ကျောင်းဆင်းချိန်တွင် ထိန်းသိမ်းထားခြင်း (Detention) |
| ၄။ လူမြင်ကွင်းတွင် မသင့်လျော်သောပြယုဂ်များ ပြသခြင်း | ၄။ လူမှုရေးအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်စေခြင်း |
| ၅။ အတန်းတွင်း စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း | ၅။ ကျောင်းတွင်းအတန်းတွင်းသင်ကြားမှု ဆိုင်းငံ့ခြင်း (In-school suspension) |
| ၆။ ကျောင်းဝတ်စုံ စည်းကမ်းများကို ထပ်ခါတလဲလဲ ချိုးဖောက်ခြင်း | ၆။ ကျောင်းအုပ်ကြီးနှင့် ကျောင်းသားကျောင်းသူ / မိဘ တွေ့ဆုံဆွေးနွေးခြင်း |
| ၇။ စည်းကမ်းများကို ထပ်ခါတလဲလဲ မလိုက်နာခြင်း | ၇။ အဓိကပြစ်ဒဏ်များအဆင့်သို့ တိုးမြှင့်အရေးယူခြင်း |

**အဓိက စည်းကမ်းဖောက်ဖျက်မှုများ (MAJOR MISBEHAVIOUR)**

| ဖြစ်စဉ်များ / အပြုအမူများ (INCIDENTS / BEHAVIOUR) | ဖြစ်နိုင်ခြေရှိသော အကျိုးဆက်များ (POSSIBLE CONSEQUENCES) |
|---|---|
| ၁။ ကျောင်းရှိ ဝန်ထမ်းများအပေါ် ရိုသေမှုမရှိသော အပြုအမူများ | ၁။ မိဘထံ မဖြစ်မနေ အကြောင်းကြားခြင်း |
| ၂။ စာမေးပွဲ၊ အိမ်စာ သို့မဟုတ် ပရောဂျက်များတွင် ခိုးချခြင်း | ၂။ ကျောင်းဆင်းချိန်တွင် ထိန်းသိမ်းထားခြင်း (Detention) သို့မဟုတ် လူမှုရေးအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်စေခြင်း |
| ၃။ အခြားကျောင်းသားကျောင်းသူ၏ ပစ္စည်းများကို ခိုးယူခြင်း | ၃။ သက်ဆိုင်ရာ အိမ်စာ/စာမေးပွဲအတွက် အမှတ် သုည (၀) သတ်မှတ်ခြင်း |

| ဖြစ်စဉ်များ / အပြုအမူများ (INCIDENTS / BEHAVIOUR) | ဖြစ်နိုင်ခြေရှိသော အကျိုးဆက်များ (POSSIBLE CONSEQUENCES) |
|---|---|
| ၄။ ကျောင်းပစ္စည်း သို့မဟုတ် ပိုင်ဆိုင်မှုကို ဖျက်ဆီးခြင်း | ၄။ ကျောင်းတွင်း/ကျောင်းပြင် ဆိုင်းငံ့ခြင်း (၅ ရက်အထိ) |
| ၅။ ရန်ဖြစ်ခြင်း သို့မဟုတ် ရန်ဖြစ်ရန် လှုံ့ဆော်ခြင်း | ၅။ ကျောင်းသား/မိဘ/ကျောင်းအုပ်ကြီး တွေ့ဆုံဆွေးနွေးခြင်း |
| ၆။ ဆေးလိပ်နှင့် ပတ်သက်သောထုတ်ကုန်များ ကိုင်ဆောင်ခြင်း သို့မဟုတ် သုံးစွဲခြင်း | ၆။ ပညာရေးမှတ်တမ်းတွင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ သတိပေးစာ ထည့်သွင်းခြင်း |

**အလွန်အမင်း စည်းကမ်းဖောက်ဖျက်မှုများ (EXTREME MISBEHAVIOUR)**

| ဖြစ်စဉ်များ / အပြုအမူများ (INCIDENTS / BEHAVIOUR) | ဖြစ်နိုင်ခြေရှိသော အကျိုးဆက်များ (POSSIBLE CONSEQUENCES) |
|---|---|
| ၁။ တရားမဝင် မူးယစ်ဆေးဝါး သို့မဟုတ် အရက် ကိုင်ဆောင်ခြင်း သို့မဟုတ် သုံးစွဲခြင်း | ၁။ အဓိက စည်းကမ်းဖောက်ဖျက်မှုအတွက် သတ်မှတ်ထားသော အရေးယူမှုများ အားလုံး |
| ၂။ ကိုယ်ထိလက်ရောက် သို့မဟုတ် စကားဖြင့် ပြင်းထန်စွာ အနိုင်ကျင့်ခြင်း (Assault) | ၂။ ချက်ချင်း ကျောင်းပြင်ပသို့ ဆိုင်းငံ့ခြင်း (၁၀ ရက်အထိ) |
| ၃။ အနိုင်ကျင့်ခြင်း (မည်သည့်ပုံစံမဆို) | ၃။ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အကြံပေးအဖွဲ့ (Discipline Advisory Board) ခေါ်ယူခြင်း |
| ၄။ ကျောင်းပိုင်ပစ္စည်း သို့မဟုတ် လော့ကာများကို ဖောက်ထွင်းခြင်း | ၄။ မိဘ/ကျောင်းသား/ကျောင်းအုပ်ကြီး တွေ့ဆုံဆွေးနွေးခြင်း |

| ဖြစ်စဉ်များ / အပြုအမူများ (INCIDENTS / BEHAVIOUR) | ဖြစ်နိုင်ခြေရှိသော အကျိုးဆက်များ (POSSIBLE CONSEQUENCES) |
|---|---|
| ၅။ လက်နက်များ ကိုင်ဆောင်ခြင်း သို့မဟုတ် သုံးစွဲခြင်း | ၅။ ကျောင်းမှ အပြီးအပိုင် ထုတ်ပယ်ရန် အကြံပြုခြင်း |

## ၇.၃ ဆိုင်းငံ့ခြင်းနှင့် ကျောင်းထုတ်ခြင်း

### စမ်းသပ်ကာလဆိုင်းငံ့ခြင်း

စမ်းသပ်ကာလဆိုသည်မှာ ကျောင်းသားတစ်ဦး၏ အပြုအမူသည် လက်ခံနိုင်ဖွယ်မရှိကြောင်း တရားဝင် သတိပေးချက်တစ်ခု ဖြစ်သည်။ ဤကာလသည် သတ်မှတ်ထားသော အချိန်ကာလတစ်ခုအထိ ကြာမြင့်မည်ဖြစ်သည်။ အဆိုပါကာလအတွင်း တိုးတက်မှုမရှိပါက ဆိုင်းငံ့ခြင်း (Suspension) သို့မဟုတ် ကျောင်းထုတ်ခြင်း (Expulsion) တို့ကို ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။ အကယ်၍ တစ်နှစ်အတွင်း စမ်းသပ်ကာလကို နှစ်ကြိမ် အသုံးပြုခံရပြီးနောက် ထပ်မံ၍ အပြုအမူဆိုးရွားမှုများ ဖြစ်ပေါ်လာပါက ကျောင်းဆိုင်းငံ့ခြင်းကို အလိုအလျောက် ပြုလုပ်သွားမည်ဖြစ်သည်။

### ဆိုင်းငံ့ခြင်း (Suspension)

ဆိုင်းငံ့ခြင်းဆိုသည်မှာ ကျောင်းသားတစ်ဦး၏ ကျောင်းတက်ရောက်ခွင့်ကို ခေတ္တရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။ ဆိုင်းငံ့ခံထားခံရသော ကျောင်းသားသည် ဆိုင်းငံ့သည့်ကာလအတွင်း မည်သည့်ကျောင်းဆိုင်ရာ လှုပ်ရှားမှုများတွင်မျှ ပါဝင်ခွင့်မရှိပါ။ အတန်းထဲသို့ ပြန်လည်မဝင်ရောက်မီ ကျောင်းသားနှင့် မိဘများသည် ကျောင်းအုပ်ကြီး (Principal) သို့မဟုတ် ကျောင်းအုပ်ကြီး၏ လက်ထောက် (Deputy Principal) တို့နှင့် မဖြစ်မနေ တွေ့ဆုံရမည်ဖြစ်သည်။

### ကျောင်းထုတ်ခြင်း (Expulsion)

ကျောင်းထုတ်ခြင်းဆိုသည်မှာ WBIS မှ အပြီးအပိုင် ထုတ်ပယ်လိုက်ခြင်းဖြစ်သည်။ ကျောင်းထုတ်ရသည့် အကြောင်းရင်းများတွင် - ထပ်ခါတလဲလဲ အနှောင့်အယှက်ဖြစ်စေသော အပြုအမူများ၊ စည်းကမ်းများကို လျစ်လျူရှုခြင်း၊ ဥပဒေချိုးဖောက်ခြင်း၊ မိဘများ၏ ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းနှင့် ကလေး၏ လိုအပ်ချက်များကို ကျောင်းမှ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသော အခြေအနေများ ပါဝင်သည်။ ကျောင်းထုတ်ခံရသော ကျောင်းသားများကို ကျောင်းသို့ ပြန်လည်အပ်နှံခွင့် ပြုမည်မဟုတ်ကြောင်း အကြောင်းကြားအပ်ပါသည်။

## ၇.၄ ရန်ဖြစ်ခြင်း

ရန်ဖြစ်ခြင်းကို တားမြစ်ထားပြီး လုံးဝ လက်ခံနိုင်ခြင်းမရှိကြောင်း အသိပေးအပ်ပါသည်။ ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ အပြုအမူ (ရန်ပြုခြင်း) ကို စတင်ပြုလုပ်သော ကျောင်းသားကို ပထမအကြိမ် ကျူးလွန်မှုအတွက် စမ်းသပ်ကာလကျောင်းဆိုင်းငံ့ကာလ (Probation) သတ်မှတ်ပါမည်။ ဒုတိယအကြိမ် ကျူးလွန်ပါက ကျောင်းဆိုင်းငံ့ခြင်း (Suspension) ခံရမည်ဖြစ်ပြီး၊ ကလေးအား ကျောင်းပြန်လည်တက်ရောက်ခွင့် မပေးမီ မိဘများသည် ကျောင်းအုပ်ကြီးနှင့် မဖြစ်မနေ တွေ့ဆုံရမည်ဖြစ်သည်။ တတိယအကြိမ် ကျူးလွန်ပါက ကျောင်းထုတ်ခြင်း (Expulsion) အထိ အရေးယူဆောင်ရွက်နိုင်ပါသည်။

## ၈။ ပညာရေးဆိုင်ရာ ရိုးသားမှု

### ၈.၁ Academic Honesty:

WBIS တွင် ခိုးချခြင်းအပါအဝင် ပညာရေးဆိုင်ရာ မရိုးသားမှုများကို အလွန်ပြင်းထန်သော ပြစ်မှုတစ်ခုအဖြစ် သတ်မှတ်ပါသည်။ ကျောင်းသားများကို အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်ရန် အားပေးလေ့ရှိသော်လည်း၊ ကျောင်းသားတိုင်းသည် မိမိကိုယ်ပိုင် အရည်အချင်းကိုလည်း ပြသရန် လိုအပ်ပါသည်။ အမှတ်ပေးရမည့် အလုပ်တာဝန်များ လုပ်ဆောင်နေစဉ်အတွင်း ခွင့်ပြုချက်မရှိဘဲ အချက်အလက်များကို ပေးခြင်း သို့မဟုတ် လက်ခံခြင်းသည် စည်းကမ်းဖောက်ဖျက်မှုတစ်ခု ဖြစ်ပါသည်။

### ၈.၂ ကူးချခြင်း / ကိုးကားခြင်းဆိုင်ရာ စည်းကမ်းချက် (အလယ်တန်းအဆင့်)

**ပညာရေးဆိုင်ရာ ရိုးသားမှု (Academic Integrity)**

ကျောင်းသားကျောင်းသူများ၏ ပညာရေးဆိုင်ရာ အလုပ်တာဝန်များသည် မိမိကိုယ်တိုင် နားလည်သဘောပေါက်မှုနှင့် ပင်ကိုယ်မူရင်းစိတ်ကူးဉာဏ်များကိုသာ ထင်ဟပ်စေရမည်။ သူတစ်ပါး၏ စကားလုံး သို့မဟုတ် အကြံဉာဏ်များကို မှန်ကန်သော အသိအမှတ်ပြုခြင်း (Credit) မပေးဘဲ မိမိကိုယ်ပိုင်အဖြစ် အသုံးပြုခြင်းကို ကူးချခြင်း (Plagiarism) ဟုခေါ်ဆိုပြီး၊ Wisdom Bridge International School တွင် ခွင့်ပြုခြင်းမရှိကြောင်း အသိပေးအပ်ပါသည်။ ပညာရေးဆိုင်ရာ ရိုးသားမှုကို ထိန်းသိမ်းရန်အတွက် အောက်ပါတို့ကို အမြဲလိုက်နာရပါမည်။

- အချက်အလက်များကို မည်သည့်နေရာမှ ရရှိခဲ့ကြောင်း ဖော်ပြပါ။
- အရင်းအမြစ်များကို အသိအမှတ်ပြုရန် မှန်ကန်သော ကိုးကားမှုပုံစံများကို အသုံးပြုပါ။
- ကိုယ်ပိုင်မူရင်းအိုင်ဒီယာများကို ဂုဏ်ယူစွာ ဖော်ထုတ်ပြသပါ။

ကျောင်းသားကျောင်းသူများ၏ သုတေသနပြုချက်များကို မည်ကဲ့သို့ ကိုးကားရမည်ကို မသေချာပါက အတန်းပိုင် ဆရာ၊ ဆရာမများထံတွင် အကူအညီရယူနိုင်ပါသည်။ ရည်ရွယ်ချက်ရှိရှိဖြင့် ကူးချခြင်းကို အလေးအနက်ထား အရေးယူမည်ဖြစ်ပြီး၊ ထိုသို့ပြုလုပ်ပါက သင်၏ အလုပ်တာဝန်အတွက် အမှတ်သုည သတ်မှတ်ခြင်း သို့မဟုတ် အတန်းစာသင်တန်းကျရှုံးခြင်းနှင့် ကျောင်း မှတ်တမ်းတွင် အမြဲတမ်းမှတ်တမ်းဝင်သွားခြင်းတို့ ဖြစ်နိုင်ကြောင်း သတိပြုရန် လိုအပ်ပါသည်။

## ၉။ နည်းပညာနှင့် အင်တာနက်အသုံးပြုမှု

WBIS တွင် အင်တာနက် အသုံးပြုမှုနှင့် အီလက်ထရွန်နစ် ဆက်သွယ်မှုအားလုံးကို ထိန်းချုပ်သည့် "လက်ခံနိုင်သော အသုံးပြုမှုဆိုင်ရာ မူဝါဒ" (Acceptable Use Policy) ရှိပါသည်။ ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်း၏ ကွန်ရက်ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန်အတွက် မိဘများအနေဖြင့် သဘောတူညီချက်တွင် လက်မှတ်ရေးထိုးပေးရန် လိုအပ်ပါသည်။

*အင်တာနက် အသုံးပြုမှုဆိုင်ရာ စည်းကမ်းချက်များ*

- ကျောင်း၏ အင်တာနက်ကို အသုံးပြုရန်အတွက် ကျောင်းသားများသည် ဆရာ/ဆရာမ၏ ခွင့်ပြုချက်ကို ရယူရမည်။
- အခြားသူတစ်ဦး၏ အင်တာနက် အကောင့် သို့မဟုတ် စကားဝှက် (Password) ကို အသုံးပြုခွင့် မရှိပါ။
- အင်တာနက် အသုံးပြုမှုအားလုံးသည် အတန်းတွင်း သင်ခန်းစာနှင့် သက်ဆိုင်ရမည်။ ကိုယ်ပိုင်အပန်းဖြေ အင်တာနက် အသုံးပြုခြင်း (Personal surfing) ကို ခွင့်မပြုပါ။
- ဒေါင်းလုဒ်ဆွဲသည့် အကြောင်းအရာများသည် သင့်လျော်ရမည်ဖြစ်ပြီး သင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်ရမည်။ ဂိမ်းများ သို့မဟုတ် မသင့်လျော်သည့် အကြောင်းအရာများ ဒေါင်းလုဒ်ဆွဲခြင်း ပြုလုပ်ခြင်းကို ခွင့်ပြုမည်မဟုတ်ပါ။
- ကျောင်းအတွင်း သို့မဟုတ် ကျောင်းပြင်ပတွင်ဖြစ်စေ Cyber-bullying (အွန်လိုင်းမှတစ်ဆင့် အနိုင်ကျင့်ခြင်း) ဖြစ်စဉ်မှန်သမျှကို ကျောင်းအုပ်ကြီးက အလွန်ပြင်းထန်သော ပြစ်မှုတစ်ခုအဖြစ် အရေးယူ ဆောင်ရွက်မည် ဖြစ်သည်။

**အရေးကြီးသော အချက် — ဆိုရှယ်မီဒီယာနှင့် မိဘများ**

- **ဆိုရှယ်မီဒီယာ အသုံးပြုခြင်း:** ဆိုရှယ်နက်ဝပ်ခ် ဆိုက်များကို အသုံးပြု၍ ကျောင်းဝန်ထမ်းများ သို့မဟုတ် ကျောင်းသားများအပေါ် မဟုတ်မမှန် စွပ်စွဲခြင်း၊ WBIS ကျောင်း သို့မဟုတ် ကျောင်းအသိုင်းအဝိုင်းအပေါ် အပျက်သဘောဆောင်သော သို့မဟုတ် ထိခိုက်စေသော မှတ်ချက်များရေးသားခြင်း သို့မဟုတ် အကြမ်းဖက်မည်ဟု ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခွင့် မရှိကြောင်း အသိပေးအပ်ပါသည်။
- **ဥပဒေကြောင်းအရ အရေးယူခြင်း:** အွန်လိုင်းတွင် တင်လိုက်သော အကြောင်းအရာများသည် ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်း သို့မဟုတ် အနိုင်ကျင့်စော်ကားခြင်း ဖြစ်ပေါ်စေပါက ကျောင်းအနေဖြင့် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ပိုင်ခွင့် ရှိပါသည်။
- **မိဘများ၏ တာဝန်:** မိမိတို့၏ ကလေးငယ်များ အွန်လိုင်းတွင် လုပ်ဆောင်နေသော လှုပ်ရှားမှုများကို စောင့်ကြည့်ထိန်းကျောင်းပေးရန်မှာ မိဘများ၏ တာဝန်တစ်ခုအဖြစ် ပါဝင်ပါသည်။
- **ဆက်သွယ်ရန် အကောင်းဆုံးနည်းလမ်း:** စိုးရိမ်ပူပန်မှုများ ရှိပါက ကျောင်းနှင့် ကိုယ်ရေးကိုယ်တာ ကိစ္စရပ်အနေဖြင့် လူကိုယ်တိုင် တွေ့ဆုံ တိုင်ပင်ဆွေးနွေးခြင်းသည်သာလျှင် အသင့်တော်ဆုံးနှင့် အကောင်းဆုံးသော ဆက်သွယ်ရေး လမ်းကြောင်း ဖြစ်သည်။

## ၁၀။ အနိုင်ကျင့်မှု ဆန့်ကျင်ရေးမူဝါဒ

အပြန်အလှန် လေးစားမှု၊ သည်းခံမှုနှင့် အသိအမှတ်ပြုမှုရှိသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်ရန်အတွက် WBIS အသိုင်းအဝိုင်းဝင်အားလုံး (မိဘများ၊ ကျောင်းသားများ၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ) သည် သင့်လျော်သော

အပြုအမူဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရမည်ဖြစ်သည်။ အခြားသူများ၏ ဂုဏ်သိက္ခာကို လျစ်လျူရှုသော ၊ မသင့်လျော်သည့် အပြုအမူများကို မည်သည့်အခါမျှ လက်ခံပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**တားမြစ်ထားသော အပြုအမူများ (Examples of Prohibited Behaviour)**

- မဖွယ်မရာ သို့မဟုတ် သိမ်ငယ်စေသော ဟာသများ၊ နှုတ်ဖြင့် ဆဲဆိုခြင်း၊ စော်ကားပြောဆိုခြင်း။
- ရိုင်းစိုင်းသော၊ ထိခိုက်စေသော သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော အရာဝတ္ထုများ/စာသားများကို ပြသခြင်း။
- သွယ်ဝိုက်၍ ခြိမ်းခြောက်ခြင်း သို့မဟုတ် ကြောက်ရွံ့အောင် ပြုလုပ်ခြင်း။
- လူမျိုး၊ ဘာသာရေး၊ တိုင်းရင်းသားဇာစ်မြစ် သို့မဟုတ် ကျား/မ လိင်ကွဲပြားမှုအပေါ် အထင်သေးစော်ကားသော မှတ်ချက်များ ပြောဆိုခြင်း။
- မည်သည့် အီလက်ထရွန်နစ် ပလက်ဖောင်းမှမဆို အွန်လိုင်းမှတစ်ဆင့် အနိုင်ကျင့်ခြင်း (Cyber-bullying)။

**အရေးယူဆောင်ရွက်မှုများ:** အထက်ပါတို့ကို ကျူးလွန်ပါက အပြုအမူနှင့် စည်းကမ်းထိန်းသိမ်းရေး မူဝါဒများ (အပိုင်း ၇) အရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ကျောင်းအနေဖြင့် အနိုင်ကျင့်မှုဆိုင်ရာ တိုင်ကြားချက်အားလုံးကို အလေးအနက်ထားပြီး လျှို့ဝှက်စွာဖြင့် ကိုင်တွယ်ဖြေရှင်းပေးမည်ဖြစ်သည်။

## 11. Parent-Teacher Association (PTA) | မိဘဆရာအသင်း

**Wisdom Bridge International School (WBIS) - ကျောင်းသားမိဘများအတွက် အချက်အလက်များ**

**၁။ Pearson သင်ရိုးညွှန်းတမ်း- ဘက်စုံပညာရေးသုံးသပ်ချက်**

- **Early Years Foundation Stage (EYFS):** ကစားခြင်းမှတစ်ဆင့် သင်ယူမှု၊ တီထွင်ဖန်တီးနိုင်မှု၊ လူမှုဆက်ဆံရေးစွမ်းရည်နှင့် စာပေ၊ ဂဏန်းသင်္ချာ အခြေခံများကို တည်ဆောက်ပေးသည်။
- **Primary Years (မူလတန်း):** မေးခွန်းထုတ်၍ စူးစမ်းလေ့လာသော (Inquiry-based) သင်ယူမှုကို အလေးပေးပြီး ဘာသာရပ်များအကြား ချိတ်ဆက်မှုများကို အားပေးသည်။
- **Secondary Years & IGCSE (အလယ်တန်းနှင့် IGCSE):** အဆင့်မြင့်ပညာရေးအတွက် ပြင်ဆင်ပေးပြီး စနစ်တကျ သင်ရိုးညွှန်းတမ်း၊ အဆင့်မြင့်သင်ခန်းစာများနှင့် စာမေးပွဲအတွက် ပြင်ဆင်ပေးသည်။
- **Blended Learning:** ရိုးရာစာသင်ခန်း သင်ကြားမှုနှင့် အွန်လိုင်းအရင်းအမြစ်များ၊ ပညာရေးဆိုင်ရာ အထောက်အကူများကို ပေါင်းစပ်သင်ကြားပေးသည်။
- **21st Century Skills:** ပြောင်းလဲနေသော ကမ္ဘာကြီးတွင် ရင်ဆိုင်ကျော်ဖြတ်နိုင်ရန် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ပြဿနာဖြေရှင်းမှု၊ ဆက်သွယ်ပြောဆိုမှုနှင့် ဒစ်ဂျစ်တယ်စွမ်းရည်များကို လေ့ကျင့်ပေးသည်။

၂။ သင်ကြားသင်ယူမှု လုပ်ငန်းစဉ်- တစ်ဦးချင်းစီ၏ အရည်အချင်းကို မြှင့်တင်ပေးခြင်း

- **Differentiated Instruction:** ကျောင်းသားတစ်ဦးချင်းစီ၏ သင်ယူမှုပုံစံနှင့် စိတ်ဝင်စားမှုအပေါ် မူတည်၍ သင်ကြားမှုပုံစံများကို ကွဲပြားစွာအသုံးပြုသည်။

- **Active Learning:** ကျောင်းသားများအနေဖြင့် လက်တွေ့လုပ်ဆောင်ချက်များ၊ အဖွဲ့လိုက်လုပ်ငန်းများနှင့် တင်ပြချက်များတွင် တက်ကြွစွာ ပါဝင်စေသည်။
- **Technology Integration:** သုတေသန၊ ဆက်သွယ်ရေးနှင့် ဖန်တီးနိုင်စွမ်းများ တိုးတက်စေရန် နည်းပညာကို သင်ခန်းစာများတွင် ထည့်သွင်းအသုံးပြုသည်။
- **Assessment for Learning:** ဆရာများနှင့် ကျောင်းသားများအတွက် အကြံပြုချက်များကို အဆက်မပြတ်ပေးခြင်းဖြင့် စဉ်ဆက်မပြတ် တိုးတက်စေသည်။
- **Positive Learning Environment:** လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် သင်ယူလိုစိတ်ကို ဖန်တီးပေးသော ပတ်ဝန်းကျင်ကို တည်ဆောက်ထားသည်။

၃။ ပညာရေးဆိုင်ရာ လှုပ်ရှားမှုများ

- **ကျွမ်းကျင်သူများ၏ ဟောပြောပွဲများ (Expert Speaker Series):** နာမည်ကျော် ကလေးစိတ်ပညာရှင်များ၊ ကလေးအထူးကုဆရာဝန်များ၊ ပညာရေးကျွမ်းကျင်သူများနှင့် အခြားနယ်ပယ်အလိုက် ပညာရှင်များက ကလေးဖွံ့ဖြိုးမှု၊ မိဘအုပ်ထိန်းမှုစနစ်နှင့် အကောင်းဆုံးသော ပညာရေးကျင့်စဉ်များအကြောင်း အကြံဉာဏ်များကို မျှဝေပေးခြင်း။
- **ဆရာ-မိဘ တွေ့ဆုံဆွေးနွေးပွဲများ (PTC):** မိဘများနှင့် ဆရာများ ပုံမှန်တွေ့ဆုံ၍ ကျောင်းသားများ၏ တိုးတက်မှုကို ဆွေးနွေးခြင်း၊ စိုးရိမ်ရသည့် အချက်များကို ဖြေရှင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ပညာရေးပန်းတိုင်များကို သတ်မှတ်ခြင်း။
- **ကျောင်းသားဦးဆောင် တွေ့ဆုံဆွေးနွေးပွဲများ (SLC):** ကျောင်းသားများက မိမိတို့၏ လုပ်ဆောင်ချက်များကို တင်ပြခြင်း၊ မိမိတို့၏ တိုးတက်မှုကို ပြန်လည်ဆန်းစစ်ခြင်းနှင့် အနာဂတ် သင်ယူမှုပန်းတိုင်များကို သတ်မှတ်ခြင်းအားဖြင့် မိမိတို့၏ ပညာရေးအပေါ် တာဝန်ယူမှုကို မြှင့်တင်ပေးခြင်း။
- **အလုပ်ရုံဆွေးနွေးပွဲများနှင့် ဆွေးနွေးပွဲများ (Workshops and Seminars):** မိဘများအနေဖြင့် စာတတ်မြောက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာအသုံးပြုမှုနှင့် အိမ်တွင် ကလေး၏ သင်ယူမှုကို ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများစသည့် ခေါင်းစဉ်များဖြင့် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်နိုင်ခြင်း။
- **သင်ရိုးညွှန်းတမ်း မိတ်ဆက်ည (Curriculum Nights):** မိဘများအတွက် ကျောင်း၏ သင်ရိုးညွှန်းတမ်းများအကြောင်း သိရှိရန်၊ ဆရာ/ဆရာမများနှင့် တွေ့ဆုံရန်နှင့် စာသင်ခန်းအတွင်း လှုပ်ရှားမှုများကို လေ့လာကြည့်ရှုရန် အခွင့်အရေး ပေးခြင်း။

၄။ မိဘများ၏ ပူးပေါင်းပါဝင်မှု (Partners in Education)

- **စာသင်ခန်းအတွင်း စေတနာ့ဝန်ထမ်းဆောင်ရွက်ခြင်း (Classroom Volunteers):** မိဘများသည် မိမိတို့၏ ကျွမ်းကျင်မှု၊ အရည်အချင်းနှင့် စိတ်အားထက်သန်မှုများကို အသုံးပြု၍ စာသင်ခန်းအတွင်း စေတနာ့ဝန်ထမ်းအဖြစ် ကူညီပေးခြင်း၊ သင်ခန်းစာလှုပ်ရှားမှုများကို ဦးဆောင်ခြင်း သို့မဟုတ် ကျောင်းပြင်ပ လေ့လာရေးခရီးစဉ်များတွင် လိုက်ပါကူညီခြင်းများ ပြုလုပ်နိုင်ပါသည်။
- **မိဘ-ဆရာ အသင်း (PTA):** မိဘ-ဆရာ အသင်း (PTA) သည် ကျောင်းအတွက် လိုအပ်သော ပံ့ပိုးမှုများ၊ ပွဲလမ်းသဘင်များ၊ ရန်ပုံငွေရှာဖွေခြင်းများနှင့် အသိုင်းအဝိုင်း ခိုင်မာစေရန်အတွက် လှုပ်ရှားမှုများကို စီစဉ်ဆောင်ရွက်ပေးပါသည်။

- **ကျောင်းနှင့် အိမ် ချိတ်ဆက်ဆောင်ရွက်ခြင်း (Home-School Connection):** ကျောင်းသည် ကလေး၏ သင်ယူမှုကို အိမ်တွင် ပံ့ပိုးပေးနိုင်ရန်အတွက် လိုအပ်သော အရင်းအမြစ်များ၊ အကြံပြုချက်များနှင့် အွန်လိုင်းပလက်ဖောင်းများကို ပံ့ပိုးပေးပါသည်။
- **မိဘပညာပေး အစီအစဉ်များ (Parent Education Programs):** ကျောင်းမှ ကျင်းပပေးသော အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများသည် ကလေး၏ ပညာရေးအောင်မြင်မှု၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကျန်းမာရေး၊ နှင့် မိသားစုအတွင်း အပြုသဘောဆောင်သော ပူးပေါင်းပါဝင်မှုများ တိုးတက်စေရန်အတွက် လိုအပ်သော နည်းဗျူဟာများကို မိဘများအား ပံ့ပိုးပေးပါသည်။

### ၅။ အပိုဆောင်း ပံ့ပိုးမှု ဝန်ဆောင်မှုများ

- **Learning Support:** အထူးလိုအပ်ချက်ရှိသော ကျောင်းသားများနှင့် အင်္ဂလိပ်ဘာသာစကား သင်ယူသူများအတွက် တစ်ဦးချင်း ပံ့ပိုးမှုပေးသည်။
- **Counseling Services:** ကျောင်းသားများ၏ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကျန်းမာရေးအတွက် အကြံပေးဝန်ဆောင်မှုပေးသည်။
- **Extracurricular Activities:** အားကစားနှင့် အခြားကလပ်လှုပ်ရှားမှုများမှတစ်ဆင့် တစ်ကိုယ်ရည် ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးသည်။

Wisdom Bridge International School သည် ကျောင်းသားများအား တစ်သက်တာ သင်ယူလေ့လာသူများ၊ တာဝန်ယူမှုရှိသော နိုင်ငံသားကောင်းများနှင့် ကရုဏာတရားရှိသည့် ကမ္ဘာ့ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် စွမ်းဆောင်ပေးနိုင်သော ကမ္ဘာ့အဆင့်မီ ပညာရေးကို ပေးအပ်ရန် အစဉ်တစိုက် ဂရုပြုဆောင်ရွက်နေပါသည်။

## ၁၂။ ဆက်သွယ်ရေးနှင့် ဆက်သွယ်ရန် အချက်အလက်များ

Wisdom Bridge International School သည် မိဘအုပ်ထိန်းသူများ၊ ဆရာ/ဆရာမများနှင့် ကျောင်းအုပ်ချုပ်မှုအဖွဲ့တို့အကြား ထိရောက်ပြီး အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်မှုဖြစ်ပေါ်စေရန်အတွက် အမျိုးမျိုးသော ဆက်သွယ်ရေးလမ်းကြောင်းများကို စီစဉ်ပေးထားပါသည်။ ယင်းလမ်းကြောင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**ဆက်သွယ်ရေး လမ်းကြောင်းများ**

- **Viber Community:** မိဘများ အတွက် သတင်းအချက်အလက်များ ဝေမျှရန်နှင့် ကျောင်းနှင့်ပတ်သက်သော ဖိတ်ကြားချက်များကို ဆွေးနွေးနိုင်ရန်အတွက် သီးသန့်ပြုလုပ်ထားသော အွန်လိုင်းအသိုင်းအဝိုင်း ဖြစ်သည်။
- **School-Hub Application:** မိဘများအနေဖြင့် ကျောင်း၏ နောက်ဆုံးရသတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်၊ အသိပေးချက်များ ရယူရန်နှင့် ဆရာ/ဆရာမများ၊ ကျောင်းစီမံရေးရာအဖွဲ့တို့နှင့် တိုက်ရိုက်ဆက်သွယ်နိုင်ရန်အတွက် အသုံးပြုသည့် မိုဘိုင်းအက်ပလီကေးရှင်း ဖြစ်သည်။

- **Facebook Messenger:** ကျောင်း၏ တရားဝင် Facebook စာမျက်နှာမှတစ်ဆင့် မိဘများက ကျောင်းနှင့် ချိတ်ဆက်နိုင်ပြီး ပုံမှန်သတင်းများနှင့် ကြေညာချက်များကို ရယူနိုင်သည့် လူမှုကွန်ရက်ပလက်ဖောင်း ဖြစ်သည်။
- **ကျောင်း၏ ဝဘ်ဆိုဒ် (School Website):** ကျောင်း၏ တရားဝင်ဝဘ်ဆိုဒ်တွင် မိဘများအတွက် သီးသန့်ကဏ္ဍတစ်ခု ပါဝင်ပြီး အရေးကြီးသော အချက်အလက်များ၊ အရင်းအမြစ်များနှင့် ဆက်သွယ်ရန် အသေးစိတ် အချက်အလက်များကို ရယူနိုင်ပါသည်။
- **Hotline ဖုန်းနံပါတ် (Hotline Number):** အရေးပေါ်ကိစ္စရပ်များအတွက် သို့မဟုတ် ကျောင်း၏ ကိုယ်စားလှယ်တစ်ဦးဦးနှင့် တိုက်ရိုက်ပြောဆိုလိုပါက မိဘများ အသုံးပြုနိုင်သော သီးသန့်ဖုန်းနံပါတ် ဖြစ်သည်။

## စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များအား ကိုင်တွယ်ဖြေရှင်းခြင်း လုပ်ထုံးလုပ်နည်း

WBIS အနေဖြင့် မိဘများသည် မိမိတို့၏ စိုးရိမ်ပူပန်မှုများကို တင်ပြပိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြုပြီး၊ မျှတပြီး အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးနိုင်ရန်အတွက် စနစ်တကျ လုပ်ထုံးလုပ်နည်းတစ်ခုကို ထားရှိပါသည်။

- **အဆင့် ၁ — အလွတ်သဘော (Informal):** မိမိတို့၏ အတန်းပိုင်ဆရာ (Homeroom Teacher) နှင့် ဦးစွာ ပြောဆိုဆွေးနွေးပါ။ ကိစ္စရပ်အများစုကို အတန်းပိုင်ဆရာမှ ဖြေရှင်းနိုင်ပါသည်။
- **အဆင့် ၂ — တရားဝင် (Formal):** တိုင်ကြားလိုသည့်အကြောင်းအရာကို ကျောင်းအုပ်ကြီးထံ စာဖြင့် ရေးသားပေးပို့ပါ။ လုပ်ငန်းရက် (၅) ရက်အတွင်း အစည်းအဝေးတစ်ရပ် စီစဉ်ပေးပါမည်။
- **နောက်ဆုံးဆုံးဖြတ်ချက် (Final Decision):** ကျောင်းအုပ်ကြီး၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးအတည် ဖြစ်သည်။ သက်ဆိုင်သူအားလုံးထံသို့ ဆုံးဖြတ်ချက်၏ အကြောင်းရင်းကို စာဖြင့် အကြောင်းကြားပေးပါမည်။

## အရေးကြီးသော ဆက်သွယ်ရေးဆိုင်ရာ မှတ်စုများ

- **လက်ထောက်ဆရာဆရာမများ (TAs) နှင့် ဆက်သွယ်ခြင်း:** မိဘများနှင့် သင်ကြားရေးလက်ထောက်များ (TAs) အကြား ကိုယ်ရေးကိုယ်တာ ဆက်သွယ်မှုများ ပြုလုပ်ခြင်းသည် မသင့်လျော်ပါ။ ပညာရေး၊ အပြုအမူနှင့် ကလေး၏ ကျန်းမာရေး/သက်သာချောင်ချိမှုဆိုင်ရာ မေးမြန်းစုံစမ်းမှုအားလုံးကို အတန်းပိုင်ဆရာ (Class Teacher) ထံသို့သာ ပေးပို့ရမည်ဖြစ်သည်။
- **ကျောင်းသားများအား တိုက်ရိုက်ချဉ်းကပ်ခြင်း:** ဖြစ်စဉ်တစ်ခုခုနှင့် ပတ်သက်၍ မိဘများသည် အခြားကျောင်းသားတစ်ဦးဦးကို တိုက်ရိုက်ချဉ်းကပ်ခြင်း သို့မဟုတ် အပြစ်တင်စိန်ခေါ်ခြင်းမျိုး မပြုလုပ်ရပါ။ ဦးစွာ ကျောင်းအုပ်ကြီးထံသို့သာ အကြောင်းကြားရမည်ဖြစ်သည်။
- **ကျောင်း၏ ဆက်သွယ်ရေး:** ကျောင်းမှ အကြောင်းကြားစာများ၊ အီးမေးလ်များ သို့မဟုတ် viber မှတစ်ဆင့် ဆက်သွယ်ပါမည်။ ကျောင်းမှ ပေးပို့လာသော ဆက်သွယ်ရေးအချက်အလက်အားလုံးကို ဖတ်ရှုပြီး အသိအမှတ်ပြု ပြန်လည်တုံ့ပြန်ပေးရန်မှာ မိဘများ၏ တာဝန် ဖြစ်သည်။

## အရေးပေါ်နှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ

- **ရှေးဦးသူနာပြုစုခြင်း (First Aid):** မတော်တဆ ထိခိုက်မှုဖြစ်စဉ်အားလုံးကို ဖြစ်စဉ်အစီရင်ခံစာ (Incident Report Form) တွင် မှတ်တမ်းတင်ထားပါမည်။ မတော်တဆမှုတိုင်းအတွက် မိဘအုပ်ထိန်းသူများထံ အကြောင်းကြားပေးပါမည်။

- **ဆေးဝါးကုသမှု (Medication):** ဆေးဝါးပေးရန် လိုအပ်ပါက မိဘ/အုပ်ထိန်းသူ သို့မဟုတ် ဆရာဝန်၏ လက်မှတ်ရေးထိုးထားသော ဆေးပမာဏသတ်မှတ်ချက် စာရွက်စာတမ်း ပါရှိရမည်။ ဆေးဝါးများကို ကျောင်းသူနာပြုမှသာ သိမ်းဆည်းထားပါမည်။ ကျောင်းသား၏ ကျောပိုးအိတ်ထဲတွင် ဆေးဝါးများ ထည့်ပေးခြင်း လုံးဝမပြုရပါ။
- **နေမကောင်းဖြစ်ခြင်း (Illness):** ကလေး နေမကောင်းဖြစ်ပါက ကျောင်းသို့ မပို့ပါနှင့်။ နံနက် ၈:၀၀ နာရီမတိုင်မီ ရုံးခန်းသို့ အကြောင်းကြားပေးပါ။ ကိုယ်အပူချိန် **37.5°C** နှင့် အထက်ရှိပါက မိဘများက ချက်ချင်းလာရောက် ခေါ်ဆောင်သွားရမည်။

**အရေးပေါ် လေ့ကျင့်ခန်းများ (Emergency Drills)**

အရေးပေါ်နှင့် မီးဘေးလေ့ကျင့်ခန်းများကို အသင်းတစ်ခုချင်းစီအလိုက် ပြုလုပ်ပေးပါသည်။ အကျပ်အတည်း စီမံခန့်ခွဲမှုအဖွဲ့ (Crisis Management Team) မှ အရေးပေါ်လုပ်ထုံးလုပ်နည်းများကို စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်နေပါသည်။ ကျောင်းသားများအားလည်း တစ်နှစ်ပတ်လုံး အချိန်အခါအလိုက် အရေးပေါ်လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ရှင်းပြပေးထားပါသည်။

## Thank You for Choosing WBIS

ကျွန်ုပ်တို့ WBIS ကိုရွေးချယ်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်

*"Wisdom: The Bridge to a Brighter Future"*